# ကြေးမုံ
# The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 28 December 2022 ၁၀၉၆၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်ကာကွယ်ရေးတာဝန်တစ်ရပ်သည် အမျိုးသား အမျိုးသမီးမရွေး မဖြစ်မနေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်

## အမျိုးသမီးစစ်မှုထမ်းများပီပီ ပိုင်ဆိုင်ထားသည့် စိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်လေးစားအားထားရသည့် တပ်မတော်သားကောင်းများဖြစ်အောင် အစဉ်ကြိုးစား

နေပြည်တော် ဒီဇင်ဘာ ၂၇

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းအား ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

ယနေ့ ဖတ်စရာ

**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၈



**စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယမှာ ရှေးသခင်များအကြောင်း မမေ့စကောင်း**

ဆောင်းပါး စာမျက်နှာ » ၁၈




ကြေးမုံ

# လူငယ်နှင့် စာပေအနုပညာ နိုင်ငံတော်အနာဂတ်

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ လာရောက်လေ့လာကြသဖြင့် အသိပညာဗဟုသုတများနှင့် စိတ်ခွန်အားများ များစွာတိုးပွားရရှိကြပေလိမ့်မည်။

စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် စာအုပ်စာပေများကို တန်ဖိုးထားဖတ်ရှုလိုစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိနိုင်ငံ၊ မိမိဒေသကို မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့်ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များကို သိရှိနိုင်စေရန် ရည်ရွယ်၍ ပြသခြင်းဖြစ်သည်။

လူငယ်လူရွယ်များအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို တစ်ချိန်တည်း တစ်ပြိုင်တည်း သိရှိနားလည်နိုင်စေရန် ပြသပေးသော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြပွဲမှတစ်ဆင့် အကျိုးကျေးဇူးများ များစွာရရှိလာလိမ့်မည်ဟု ယုံကြည်ပါသည်။ မျက်မှောက်ကာလတွင် လူငယ်လူရွယ်များအနေဖြင့် စာပေအနုပညာ ဗဟုသုတများနှင့် အလှမ်းဝေးနေပြီဟု ဆိုချင်ပါသည်။ တိုးတက်ပြောင်းလဲလာသော ခေတ်ကာလနှင့် နည်းပညာဆန်းသစ်တိုးတက်မှုနယ်ပယ်ပတ်ဝန်းကျင်များတွင် လူငယ်လူရွယ်များ ဝဲလည်နေကြသည်မှာ သေချာပါသည်။ မှန်ကန်သည့် အသိပညာဗဟုသုတများ၊ ကိုယ်ပိုင်ယဉ်ကျေးမှုအနုပညာများနှင့် အလှမ်းဝေးနေမည်ဆိုပါက လူငယ်လူရွယ်နှင့်နိုင်ငံ၏အနာဂတ်အတွက် ရင်လေးစရာဖြစ်မည်။

လူငယ်လူရွယ်ဆိုသည်မှာ အသက် (၁၅) နှစ်မှ အသက် (၂၅) နှစ်အရွယ် အသက်အပိုင်းအခြားအထိ သတ်မှတ်လေ့ရှိပြီး အသက် (၁၈) နှစ်ပြည့်သည်နှင့် ရွေးကောက်ပွဲတွင် မိမိဆန္ဒမဲကို ပေးပိုင်ခွင့်ရှိသည့်အရွယ်ဖြစ်၍ နိုင်ငံအတွက် မှန်ကန်သည့် အတွေးအမြင် ဗဟုသုတများရှိနေရန်လိုအပ်သည်။ မျက်မှောက်ခေတ် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကာလတွင် စာပေနယ်ပယ်၊ မီဒီယာနယ်ပယ်၊ ယဉ်ကျေးမှုအနုပညာနယ်ပယ်အသီးသီးမှတစ်ဆင့် ပြည်သူများအား လွဲမှားသည့်အသိအမြင် ဗဟုသုတများ ပေးဝေနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ လူငယ်လူရွယ်များတွင် မှားယွင်းသော အသိအမြင်နှင့် ခံစားမှုများ ဝင်သွားမည်ဆိုပါက အနာဂတ်နိုင်ငံတော်အတွက် စိုးရိမ်ဖွယ်ရာများဖြစ်လာနိုင်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်၊ လူမှုဘဝသာယာလှပရန်တို့အတွက် အလှမ်းဝေးနေမည်ဖြစ်ပါသည်။

ယနေ့ပညာရေး၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးတွင် လူငယ်ထုကြီး ပါဝင်နေသဖြင့် ကာယဖွံ့ဖြိုးမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှုတွင် ထိုက်ထိုက်တန်တန် ပြည့်စုံမှုရှိနေကြပါပြီ။ မိမိတို့အားမာန်ကို ယုံကြည်စိတ်ချ၍လည်း ဘဝကိုစူးစမ်းလိုမှု၊ စွန့်စားလိုမှု၊ အများ၏ အထင်ကြီးအားထားမှုများကို ရယူလိုသည့် တက်ကြွမှုများ ရှိနေကြပါသည်။ ယင်းတို့သည် နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများအတွက်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက်လည်းကောင်း အားထားနိုင်သည့် အင်အားစုကြီးဖြစ်နေသည်ဟု ယုံကြည်ပါသည်။ အဆိုပါအင်အားစုကြီး တည့်မတ်ခိုင်မာစွာရပ်တည်နိုင်ရေးအတွက် အသိမှန်၊ အမြင်မှန်၊ လမ်းမှန်ညွှန်ပြနိုင်ရန် အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် လိုပါသည်။

ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် လူ့ဘောင်ကြီးကို ဦးဆောင်ပဲ့ကိုင်မောင်းနှင်ကြမည့် လူကြီးများ ဖြစ်လာပါလိမ့်မည်။ လူငယ်လူရွယ်များကို လျစ်လျူရှုထား၍ မဖြစ်နိုင်ပါ။ လူကောင်းလူတော်လေးများဖြစ်လာအောင်၊ ယဉ်ကျေးလိမ္မာသော သားကောင်းသမီးကောင်းလေးများဖြစ်လာအောင်၊ ခေတ်ပညာများနှင့် ပြည့်စုံသော၊ အကျင့်စာရိတ္တကောင်းမွန်သော၊ အများအကျိုးဆောင်ရွက်တတ်သော၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်ပြီး နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် သက်စွန့်ကျိုးပမ်းထမ်းဆောင်နိုင်သော လူငယ်လူရွယ်များဖြစ်လာအောင် ငယ်စဉ်ကတည်းက မြေတောင်မြှောက်ပေးထားမှ နိုင်ငံ၏အနာဂတ်အတွက် စိတ်အေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကြီးကို နေပြည်တော်၌ ကျင်းပပေးခဲ့သလို အခါအခွင့်သင့်တိုင်းလည်း မြို့ကြီးများတွင် ကျင်းပပေးခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် အထောက်အပံ့ကောင်းများ များစွာရရှိလာမည်ဖြစ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။
၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။
၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။
၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## သံတွဲမြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

သံတွဲ ဒီဇင်ဘာ ၂၇

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ မြို့နယ် (Working Group) မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက သံတွဲမြို့ အ.ထ.က(၁)ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် သံတွဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သာစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမြင့်ဇော်က မြို့နယ် Working Group အဖွဲ့၏ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၁၀ တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၆၂၆ | ၅,၄၉၀,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၁,၃၀၅ | ၄,၂၉၈,၆၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၆၉ | ၃,၂၁၆,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၇ | ၇၀,၂၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၁၂ | ၃၀၂,၄၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၄၀ | ၁၉၅,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၃၇.၆ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၁.၆၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၆၅၀ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၇၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၅၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၀.၉ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၁.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၇.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၅.၁၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီးဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြုခြင်းကိုခံယူ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး အလံတော်အဖွဲ့နှင့် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် (၅၆) ဗိုလ်လောင်း သိမ့်နန္ဒာအောင်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့ ကမ္ဘာပေါ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကဏ္ဍသည် ကျယ်ပြန့်လာသည့်အပြင် ထူးချွန်ထက်မြက်သည့် အမျိုးသမီးပညာရှင်များလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ တပ်မတော်များတွင် အမျိုးသမီးများ၏ စစ်မှုထမ်းဆောင်ခြင်း အခန်းကဏ္ဍသည် များပြားလာပြီး အခန်းကဏ္ဍအလိုက် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

**မွေးထုတ်ပေးနိုင်ခဲ့**

တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍမြင့်မားရေးကို အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဘွဲ့ရအမျိုးသမီးအရာရှိများကို ယခု အမှတ်စဉ်(၉)အထိ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် မကြာမီ လက်တွေ့နယ်ပယ်တွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရတော့မည်ဖြစ်သည့်အတွက် တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများ၊ သိသင့်သိထိုက်သည်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကိုယ်စား အလေးအနက်ထား မှာကြားသွားမည်ဖြစ်ကြောင်း၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်စေရန် အတွက် အမျိုးသမီးစစ်မှုထမ်း(အရာရှိ)များအား လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်” ဆိုသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်နှင့် အမျိုးသမီးစစ်မှုထမ်း(အရာရှိ)များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကာကွယ်ရေး တာဝန်တစ်ရပ်သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့်ပြည်ထောင်စုဖွားတိုင်းရင်းသား အမျိုးသား အမျိုးသမီးမရွေး မဖြစ်မနေ ထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း အမျိုးသားစစ်မှုထမ်းများနည်းတူ ရင်ပေါင်တန်းပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်မှန်းချက်ထား လေ့ကျင့်ပေးလျက်ရှိကြောင်း။

**ဆူကြုံနိမ့်မြင့် ကြုံတွေ့ခဲ့ရ**

နိုင်ငံ၏သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် တစ်ထပ်တည်းတည်ရှိနေကြောင်း၊ နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပြည်တွင်းသောင်းကျန်းမှု ချေမှုန်းရေးကာလနှင့် ပါတီစုံဒီမိုကရေစီစနစ်ကာလများကို ဆူကြုံနိမ့်မြင့် ကြုံတွေ့ခဲ့ရပြီး တပ်မတော်သည်လည်း နိုင်ငံတော်၏ အမျိုးသားရေးကိစ္စရပ်တိုင်းတွင် နိုင်ငံတော်နှင့်အတူ ယှဉ်တွဲလိုက်ပါပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးလည်မသုန်ကြိုးပမ်းထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့မှုသည်တပ်မတော်၏သမိုင်းကြောင်းနှင့်အတူ ပါရှိလာခဲ့သည့် အစဉ်အလာကောင်းများပင်ဖြစ်ကြောင်း။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်သည့် BIA၊ BDA ခေတ်တွင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယမှအစပြုပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် မူဝါဒများအထိ နိုင်ငံ့အရေးမှန်သမျှကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါမူဝါဒများကို ပြန်ကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်တွင် ဖြစ်တည်ခဲ့သည့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို မူဝါဒများအဆင့်ဆင့် ပြောင်းလဲချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

လက်ရှိအခြေအနေတွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ကာ နိုင်ငံ့အရေးအတွက် စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးရည်မှန်းချက် ၂ ရပ်နှင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး စသည့် အမျိုးသားရေးရည်မှန်းချက် ၂ ရပ်တို့ကို အားကြိုးမာန်တက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

တပ်မတော်သား အမျိုးသမီးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်တော့မည့်သူများဖြစ်၍ နိုင်ငံတော်၏သမိုင်း၊ တပ်မတော်၏ သမိုင်းကြောင်းများကို အသေးစိတ်သိရှိအောင် လေ့လာထားကြရန် လိုအပ်ကြောင်း၊ သို့မှသာ တပ်မတော်၏ အစဉ်အလာကောင်းသည့် သမိုင်းကြောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ကြမည်ဖြစ်ပြီး ကောင်းမွန်သည့် သမိုင်းကြောင်းများ ကမ္ဘည်းတင်နိုင်အောင်လည်း ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း။

မြန်မာ့တပ်မတော် သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းမှုကဏ္ဍအချို့ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း အမျိုးသမီးအရာရှိနှင့် အခြားအဆင့် စစ်မှုထမ်းများကို လက်ရုံးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့များတွင် တာဝန်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၁၉၅၄ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာအမျိုးသမီး စစ်ဝန်ထမ်းတပ်ဖွဲ့ဝင်များမှ အမျိုးသမီးအရာရှိများသည် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရကြောင်း။

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းအမှတ် (၅၆) သိမ့်နန္ဒာအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ဆုရဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

တပ်မတော်အနေဖြင့် ကာကွယ်ရေးစွမ်းအား တည်ဆောက်ရာတွင် မြန်မာ အမျိုးသမီးထုပါဝင်နိုင်ရေး အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် သင်တန်းဆင်းဘွဲ့ရ အမျိုးသမီးအရာရှိများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့များ ရရှိနိုင်ရေး ဆက်လက် ပညာဆည်းပူး သင်ကြားစေလျက်ရှိကြောင်း။

**ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်မည်**

တပ်ဖွဲ့အသီးသီး၏ တာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရန် တပ်ဖွဲ့တိုင်း၏ လုပ်ငန်းခွင် ပညာရပ်များကို လေ့လာဆည်းပူးသည့်နေရာတွင် တန်းမြင့်သင်တန်းများ၊ အထက်အရာရှိများ၊ လုပ်ဖော်ကိုင်ဖက်များမှတစ်ဆင့် သင်ယူလိုစိတ်၊ မှတ်သားလိုစိတ်၊ လေ့လာလိုစိတ်များဖြင့် လေ့လာသင်ယူသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် စာပေပညာရပ်များက တစ်ဆင့်လည်း လေ့လာဆည်းပူးသွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းခွင်အလိုက် ကျရာ တာဝန်များကို ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ မြန်မာ့တပ်မတော်တွင် အမျိုးသမီး စစ်မှုထမ်းအရာရှိ၊ စစ်သည်များသည် (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများ အပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ အသီးသီးတွင် တာဝန်ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း၊ ကျယ်ပြောလှသည့် ပင်လယ်သမုဒ္ဒရာကို မိုင်ထောင်ချီ လှိုင်းကြီးလေ့အောက် ဖြတ်ကျော်ပြီး ချစ်ကြည်ရေး ခရီးစဉ်များနှင့် ပူးတွဲလေ့ကျင့်ခန်းများအတွက် သွားရောက်ခဲ့ကြသည့် စစ်ရေယာဉ်ခရီးစဉ်များ၊ မြန်မာ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူလူထုကို ဆေးကုသမှုပေးနေသည့် ခရီးစဉ်များတွင် ကျရာတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေကြသကဲ့သို့ ပြည်ပနိုင်ငံများကို သွားရောက်ပြီး နိုင်ငံပေါင်းစုံပါဝင်သည့် တပ်မတော်အားကစား ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရာတွင်လည်း ဆုတံဆိပ်အမျိုးမျိုး ရရှိအောင် နိုင်ငံတကာ တပ်မတော်များနှင့် ယှဉ်ပြိုင်အနိုင်ယူသည်အထိ စွမ်းဆောင် နိုင်ခဲ့ကြကြောင်း၊ ထို့အပြင် အမျိုးသမီးအရာရှိအချို့သည် ကြမ်းတမ်းခက်ခဲသည့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) တပ်ဖွဲ့ဝင်များအဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသကဲ့သို့ တပ်မတော်(လေ)တွင်လည်း အမျိုးသမီး လေသူရဲအရာရှိများအဖြစ် ပျံသန်းရေးတာဝန် အမျိုးမျိုးကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ စစ်သုံးလေထီးခုန်ခြင်း၊ အလွတ်ခုန်လေထီးခုန်ခြင်း စသည့် ရဲဝံ့သည့် လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားအရာရှိ စစ်သည်များနှင့် တန်းတူလိုက်ပါ တာဝန်ထမ်းဆောင်နိုင်ခြင်းကို ဂုဏ်ယူစွာ တွေ့မြင်ရမည်ဖြစ်ကြောင်း။

မိမိတာဝန်ကျရာ တပ်ဖွဲ့အသီးသီးတွင် မည်သည့်တာဝန်များကို ထမ်းဆောင်ကြရသည်ဖြစ်စေ၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အပါအဝင် အုပ်ချုပ်မှုကိစ္စရပ်တိုင်းတွင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသကဲ့သို့ လေ့လာ၊ လေ့ကျင့်၊ လိုက်နာသွားကြရန်လည်း မှာကြားလိုကြောင်း၊ ထို့အပြင် မိမိကွပ်ကဲမှုအောက်တွင်ရှိသည့် အရာရှိ၊ စစ်သည်များကို ညီညွတ်မျှတမှုရှိသည့် ခေါင်းဆောင်မှုပေးနိုင်ရန် လိုအပ်သလို မိမိတို့ကိုယ်တိုင်အနေဖြင့်လည်း လက်အောက်ကို ခေါင်းဆောင်မှုပေးနိုင်ရန် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို တစ်သဝေမတိမ်း တိကျစွာ လိုက်နာရန်လိုကြောင်း၊ အောင် နေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သားများသည် တပ်မတော်၏ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရသည့်အပြင် အရပ်ဘက်ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို နိုင်ငံသားတစ်ဦးအနေဖြင့်လည်း လိုက်နာကြရသူများဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသည့် စစ်ပွဲဆိုင်ရာ ဥပဒေများကိုလည်း သိရှိလိုက်နာကြရကြောင်း၊ သင်တန်းကာလအတွင်း စစ်စည်းကမ်း လိုက်နာပြီး အမိန့်နာခံမှုရှိစေရန်ကြီး ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အရည်အသွေး ပြည့်ဝစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အဆင့်နှင့်လျော်ညီသည့် သင်တန်းများကို ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ သင်တန်းတိုင်းတွင် မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံမှုတို့ဖြင့် ကြိုးစားဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ သင်တန်းကာလ

> ❖ **မိမိ၏ ကြိုးစားအားထုတ်မှုအပေါ်မူတည်ပြီး ရာထူးတိုးမြှင့်ရေးကိစ္စရပ်များတွင် ကွာခြားသွားမည်ဖြစ်သည့်အတွက် မိမိကိုယ်ကို ကောင်းမွန်အောင်နှင့် မိမိ ဦးဆောင်ရသည့်အဖွဲ့အစည်း ကောင်းမွန်အောင် ညီညွတ်မျှတသည့် အုပ်ချုပ်မှုဖြစ်အောင် အမြဲကြိုးစား ဆောင်ရွက်နေရမည်**
>
> ❖ **တပ်မတော်ကို တိုက်ပွဲစွမ်းရည်၊ တိုက်ပွဲစွမ်းအား ပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်လျက်ရှိ**
>
> ❖ **ထိုသို့ တည်ဆောက်သည့်နေရာတွင် စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားများနှင့် အဓိက သက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်**

တာဝန်ကျရာတပ်ဖွဲ့အသီးသီး၏ လုပ်ငန်းပိုင်းဆိုင်ရာတွင် အထူးကျွမ်းကျင်သူများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း။

**သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်**

အရာရှိငယ်များ ဖြစ်လာကြမည့်သူများ ဖြစ်သည့်အတွက် ခေါင်းဆောင်မှု ပညာရပ်များကိုလည်း အမိကျောင်းတော်ကြီးက သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်ကြားတတ်မြောက်ပြီးဖြစ်သည့် ခေါင်းဆောင်မှု ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်အသုံးချပြီး ခေါင်းဆောင်ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် လိုကြောင်းနှင့် နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည် ဆိုသည်ကိုလည်း မမေ့မလျော့ဘဲ လက်တွေ့နယ်ပယ်တွင် စီနီယာအရာရှိများ၏ သွန်သင်ဆုံးမမှုသို့မှသာ လက်အောက်အရာရှိ၊ စစ်သည်များ၏ အထင်ကြီးလေးစားမှုနှင့် အားကိုးယုံကြည်မှု အပြည့်အဝရရှိမည်ဖြစ်ကြောင်း၊ ထိုသို့ အထက်အောက် အပြန်အလှန် ယုံကြည်ကိုးစားအားကိုးမှု ရှိမှသာ မိမိအဖွဲ့အစည်းသည် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ချို့ယွင်းချက်မရှိ ရာနှုန်းပြည့်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သား ဖြစ်သည်နှင့်အညီ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းအတိုင်း နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများကို တပ်မတော်တွင် တာဝန်ထမ်းဆောင်သည့် ကာလတစ်လျှောက်လုံး လိုက်နာနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ အဓိကကျောရိုးမဏ္ဍိုင်ဖြစ်ပြီး စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုရှိသည့် တပ်မတော်သားများဖြစ်အခြေခံစစ်ရေးပြကစပြီး လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ကိုယ်တိုင် စည်းကမ်းကို တိကျစွာလိုက်နာစောင့်ထိန်းရပြီး မိမိတာဝန်ယူကွပ်ကဲရသည့် လက်အောက်က ပြစ်မှုကျူးလွန်လျှင်လည်း မျက်ကွယ်ပြု၍မရဘဲ စစ်ဘက်၊ နယ်ဘက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်၏ တပ်တည်ဆောက်ရေး လုပ်ငန်းကြီး ၄ ရပ်အနက် ပထမလုပ်ငန်းစဉ်သည် လေ့ကျင့်ရေးနှင့် တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် လေ့ကျင့်နေမှသာလျှင် စွမ်းရည်မြင့်မားသည့် တပ်မတော်တိုတောင်းသော်လည်း အရာရှိတစ်ဦးအတွက် သိသင့်သိထိုက်သည့် အသိပညာ၊ တတ်သင့်တတ်ထိုက်သည့် အတတ်ပညာနှင့် စည်းကမ်းတကျ လုပ်ကိုင်တတ်သည့် အရာရှိငယ်များအဖြစ် အခြေခံကောင်းအောင် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

**အမြဲလေ့ကျင့်နေရမည်**

ဘွဲ့ရပညာတတ်များ ဖြစ်ပြီး ခေါင်းဆောင်ငယ်များ အဖြစ် တာဝန်ယူ ဆောင်ရွက်ရမည့်သူများဖြစ်သည့်အတွက် ပိုမိုနားလည်နိုင်စွမ်းနှင့် လေ့လာဆည်းပူးနိုင်စွမ်းရှိရန် လိုကြောင်း၊ ကျောင်းကလေ့ကျင့်သင်ကြားပေးလိုက်သည့် ဘာသာရပ်များနှင့် လေ့ကျင့်ဆောင်ရွက်မှုများသည် အခြေခံမျှသာဖြစ်၍ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုကြောင်း၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရေးအတွက် ဆက်လက် လေ့လာဆည်းပူးကြရန်လိုကြောင်းနှင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိရန် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

**အသိပညာ၊ အတတ်ပညာသည် အကန့်အသတ်မရှိ ကျယ်ဝန်း**

အသိပညာ၊ အတတ်ပညာသည် အကန့်အသတ်မရှိ ကျယ်ဝန်းခြင်းကြောင့် မိမိ၏ ကြိုးစားအားထုတ်မှု၊ လေ့ကျင့်မှုအပေါ်တွင် မူတည်ပြီး ကျွမ်းကျင်တတ်မြောက်လာမည်ဖြစ်ကြောင်း၊ စစ်အခြေခံသဘောတရားနှင့် စစ်မြေပြင်စည်းကမ်းများကို လက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးကြရန်လိုကြောင်း၊ တစ်ဆင့်မြင့်သော ရာထူးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ထပ်မံတက်ရောက်ရမည့် အခြားစစ်ဘက်သင်တန်းများတွင်လည်း ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ကျန်းမာရေး ကောင်းမွန်အောင် နေထိုင်မှုတို့အပေါ် မူတည်ပြီး သင်တန်းဆင်းအဆင့်များ ကွာခြားသွားမည်ဖြစ်ကြောင်း။

မိမိ၏ ကြိုးစားအားထုတ်မှုအပေါ်မူတည်ပြီး ရာထူးတိုးမြှင့်ရေးကိစ္စရပ်များတွင် ကွာခြားသွားမည်ဖြစ်သည့်အတွက် မိမိကိုယ်ကို ကောင်းမွန်အောင်နှင့် မိမိဦးဆောင်ရသည့် အဖွဲ့အစည်းကောင်းမွန်အောင် ညီညွတ်မျှတသည့် အုပ်ချုပ်မှုဖြစ်အောင် အမြဲကြိုးစား ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်ကို တိုက်ပွဲစွမ်းရည်၊ တိုက်ပွဲစွမ်းအားပြည့်စုံသည့် တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့တည်ဆောက်သည့်နေရာတွင် စွမ်းရည်ရှိသည့် တပ်မတော် ဖြစ်စေရေးအတွက် တပ်မတော်သားများနှင့် အဓိက သက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော် ဖြစ်စေရေးကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်း ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၄ မှ

စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်အောင် တပ်များ၏ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ လက်ရုံးရည်နှင့် နှလုံးရည်တိုးတက်မြင့်မားအောင် အကြိမ်ကြိမ် အခါခါ လေ့ကျင့်ရေးကို တစ်ဦးချင်းနှင့် အဖွဲ့လိုက်ပါ လေ့ကျင့်ဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ တစ်ဦးချင်း အရည်အသွေးမြင့်မှ အဖွဲ့အစည်းတစ်ခုလုံး အရည်အသွေး မြင့်မားလာမည်ဖြစ်သည့်အတွက် တစ်ဦးချင်း အရည်အသွေးမြင့်မားလာအောင် တစ်ဦးချင်း လေ့ကျင့်ရေး (Individual Training)မှသည် အစုအဖွဲ့လိုက်စွမ်းရည် မြင့်မားလာအောင် အစုအဖွဲ့လိုက် လေ့ကျင့်ရေး (Collective Training)၊ မတူညီသည့် တပ်ဖွဲ့များ ပူးပေါင်းလေ့ကျင့်ရသည့် ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း (Joint Operation Training) များအထိ လေ့ကျင့်နေကြခြင်းဖြစ်ကြောင်း။

**အစဉ်အမြဲကြိုးစားလေ့လာ**

ထို့ကြောင့် တပ်မတော်၏ ရည်ရွယ်ချက်ဖြစ်သည့် **“ခေတ်မီတပ်မတော် ဖြစ်စေရန်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားတို့ ထက်မြက်ရေး”** ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တိုင်းတွင် စွမ်းစွမ်းတမံတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြရန် အရေးကြီးကြောင်း၊ တစ်ဖက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် ခေတ်မီတပ်မတော်တစ်ရပ်ကို စဉ်ဆက်မပြတ် တည်ဆောက်ကြရမည်ဖြစ်၍ တစ်ဖက်တွင်လည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရပြီးကပင် (၇၅)နှစ်တိုင်တိုင် ယနေ့ကာလအထိ နယ်ချဲ့ကိုလိုနီ လက်ဟောင်းများနှင့် လက်သစ်များပါ မိမိတို့တိုင်းပြည်အပေါ် နည်းမျိုးစုံသွေးခွဲမှုများကြောင့် ဝါဒရေးရာအယူအဆကွဲလွဲမှု၊ လူမျိုးရေးရာ အယူအဆကွဲလွဲမှု၊ ဘာသာရေးရာအယူအဆကွဲလွဲမှုများမှ တစ်ဆင့် တိုင်းရင်းသားညီအစ်ကို အချင်းချင်းသည် ပဋိပက္ခမျိုးစုံ ဖြစ်ပွားခဲ့၊ ဖြစ်ပွားနေဆဲ ဖြစ်နေမှုကိုလည်း အမြန်ဆုံးချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် မတူညီခြင်းကို ဘေးချိတ် တူသည်ကို တွဲချိတ်ပြီး ငြိမ်းချမ်းသာယာသော ပါတီစုံဒီမိုကရေစီနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကိုလည်း တစ်ပြိုင်နက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ကြိုတင်ကန့်သတ်ချက်မထားဘဲ နှစ်ဖက်ထာဝရငြိမ်းချမ်းရေးမှသည် ပါတီစုံဒီမိုကရေစီကျင့်သုံးမှုနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် လက်မှတ်မထိုးရသေးသည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ ဆွေးနွေးလျက်ရှိရာ ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍကနေ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် ထိုသို့ ဆောင်ရွက်နိုင်ရန်ကိုလည်း ထာဝရငြိမ်းချမ်းရေး သမိုင်းကြောင်းများကို သိရှိနားလည်အောင်အစဉ်အမြဲကြိုးစားလေ့လာနေကြရန်လိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်ရမည့် အဓိကကာကွယ်ရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ တပ်မတော်သားများသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကကျသည့် ကာကွယ်ရေး အင်အားစုများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် တပ်မတော် သားတိုင်းအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိရေးသည် အရေးကြီးသည့် အချက်ပင်ဖြစ်ကြောင်း၊ ကိုယ်စီရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်နေမှ စစ်ပညာအတတ်ပညာများကို ကျွမ်းကျင်မှုရှိအောင် အမြဲမပြတ် လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိပြီး မိမိနှင့်သက်ဆိုင်သည့် အတတ်ပညာကို ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ထားပါက ရဲစွမ်းသတ္တိရှိလာမည်ဖြစ်ကြောင်း။

တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုကောင်းပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျွမ်းကျင်ကျေပွန်စွာ ထမ်းဆောင်နိုင်ပြီဆိုလျှင် လုပ်ငန်းခွင် လက်တွေ့နယ်ပယ်များ၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိသည့် စစ်သည်တော်ကောင်းများ အလိုလိုဖြစ်လာမည်ဖြစ်ကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများပီပီ ပိုင်ဆိုင်ထားသည့် စိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးက ယုံကြည်လေးစား အားထားရသည့်တပ်မတော်သားကောင်းများဖြစ်အောင် ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဆိုသည့် ဆောင်ပုဒ်များနှင့်အညီ အစဉ်ကြိုးစားသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်၏ မွန်မြတ်သည့် အတိတ်သမိုင်းကြောင်း၊ အစဉ်အလာနှင့် ပစ္စုပ္ပန်ရပ်တည်ချက် အမှန်တရားကို သိရှိနားလည်ပြီး ပေးအပ်လာသည့် တာဝန်များကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကျေပွန်အောင် ဂုဏ်သိက္ခာရှိရှိ ထမ်းဆောင်သွားကြရန်၊ တပ်မတော်၏ ရည်မှန်းချက်ဖြစ်သည့် “အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ် တပ်မတော်” တည်ဆောက်ရာတွင် ပေးအပ်လာသည့် တာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ငယ်များအဖြစ် မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှုနှင့် ကြိုးစားအားထုတ်မှုကို အခြေခံပြီး အထက်ကပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ သင်တန်းက သင်ကြားပေးလိုက်သည့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များနှင့် ခေါင်းဆောင်မှု ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန်၊ တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှု၊ မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များတွင် ကျွမ်းကျင်မှုရှိပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် အမျိုးသမီး အရာရှိကောင်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ပြန်လည်ထွက်ခွာ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းသိမ့်နန္ဒာအောင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းဆုရည်ကျော်၊ ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းခက်ခက်ဦးနှင့် စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းစိုးသော်တာလင်းတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင် အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တက်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်လာကြသူများ ဂုဏ်ပြုညစာ အတူတကွ သုံးဆောင်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များ၊ တပ်မတော်ဘောလုံးစက်ရုံ၊ တပ်မတော်ဘီစကစ်နှင့် ခေါက်ဆွဲစက်ရုံများသို့ သွားရောက်စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် အဖွဲ့ဝင်များနှင့်အတူ တပ်မတော်(ကြည်း)အရာခံနှင့် အကြပ်ကြီး သင်ကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းလေ့ကျင့်ရေးရုံးရှိ သင်တန်းဌာနများအလိုက် ရုံးခန်းများ၊ သင်တန်းသား စာသင်ဆောင်များ၊ သင်တန်းခန်းမဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် သင်တန်းရုံး ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း ခေတ္တကျောင်းအုပ်ကြီးက တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး (အမျိုးသမီး)သင်တန်းသူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည်တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၊ ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး (အမျိုးသမီး)သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း စိုက်ပျိုး/မွေးမြူရေးခြံများသို့ သွားရောက်ပြီး ဥစားကြက်၊ အသားတိုးကြက်နှင့် DYL ဝက်များ မွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့ရှိ တပ်မတော်ဘောလုံးစက်ရုံသို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဒေါ်ကေသီက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်သော ဘောလုံး၊ ဘော်လီဘောအမျိုးမျိုး ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ လက်ရှိအသုံးပြုနေသောစက်များနှင့် စွမ်းအားပြည့် ထုတ်ကုန်အရည်အသွေး မကျဆင်းစေဘဲ ထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် ရောင်းအားမြှင့်တင်နိုင်ရေး၊ စက်များချို့ယွင်းမှုမရှိစေရေး၊ စက်များ တာရှည်အသုံးပြုနိုင်ရေးနှင့် စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ရန် စသည်ဖြင့် ဆွေးနွေးပြောကြားကာ သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၇ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မှော်ဘီမြို့ရှိ တပ်မတော်ဘောလုံးစက်ရုံအတွင်း လိုက်လံကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မှော်ဘီမြို့ရှိ တပ်မတော်ဘီစကစ်စက်ရုံအတွင်း လိုက်လံကြည့်ရှုစဉ်။

“တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်က လူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရား တစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။”

[ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]




❖ စာမျက်နှာ ၆ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဘောလုံးများထုတ်လုပ်နေမှုအဆင့်ဆင့်အား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ရာ စက်ရုံမှူးက လက်ခံရယူသည်။

အဆိုပါ ဘောလုံးစက်ရုံသည် တစ်နှစ်လျှင် လူကြီးကန်ဘောလုံး အလုံး ၇၄၀၀၀၊ ဘော်လီဘောဘောလုံး အလုံး ၆၂၀၀၀၊ လူငယ်ကန်ဘောလုံး အလုံး ၁၅၂၀၀၀ စုစုပေါင်းဘောလုံး ၂၈၈၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဘီစကစ်စက်ရုံနှင့် ခေါက်ဆွဲစက်ရုံ(မှော်ဘီ) သို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဗိုလ်မှူးကျော်ဖြိုးဝေ (အငြိမ်းစား)က စက်ရုံ၏သမိုင်းအကျဉ်း၊ ဘီစကစ်နှင့် ခေါက်ဆွဲများ ထုတ်လုပ်မှုအဆင့်ဆင့်တို့အား ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံထုတ်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အနံ့အရသာ၊ ဆွဲဆောင်မှုစသည့် ပစ္စည်းအရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်ရရှိရေး၊ ထုပ်ပိုးကုန်များစနစ်တကျနှင့် စားသုံးသူဆွဲဆောင်မှုရှိရေး၊ စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးနှင့် စက်များ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျစစ်ဆေးပြုပြင်ထိန်းသိမ်း ကိုင်တွယ်ဆောင်ရွက်ရေး၊ တပ်မတော်သားမိသားစုများသာမက ပြင်ပဈေးကွက်ကိုပါ သက်သာသောဈေးနှုန်းများဖြင့်ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် စသည်ဖြင့် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဘီစကစ်များနှင့် ခေါက်ဆွဲများ ထုတ်လုပ်နေမှုအဆင့်ဆင့်တို့အား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ စက်ရုံမှူးက လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီတပ်နယ်ရှိ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များမှ ရဲမေ၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ချီးမြှင့်ငွေများပေးအပ်စဉ်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်ရှိ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်ရဲမေလိုင်းခန်းများသို့သွားရောက်၍ ရဲမေ၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒိုက်ဦးမြို့နယ်၌ လူဦးရေစာရင်းမှန်ကန်ရေး မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက် သင်တန်းဖွင့်

ဒိုက်ဦး ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လူဦးရေစာရင်းမှန်ကန်ရေး မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် အမှတ်(၃) စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းတို့တွင် လေးနေရာခွဲ၍ ဖွင့်လှစ်ခဲ့သည်။

မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးမိုးက မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး နည်းပြအဖွဲ့ဝင်များက သင်တန်းသို့တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား မြေပြင်ရှိနှင့် အိမ်ထောင်စုလူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်းရှိအိမ်ထောင်စုလူဦးရေ တစ်ခုချင်းစီအား မှန်ကန်သောစာရင်းရရှိရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းလမ်းညွှန်ချက်များကို ဟောပြောဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း ဖွင့်လှစ်

သာစည် ဒီဇင်ဘာ ၂၇

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်တွင် လူဦးရေစာရင်းတိကျမှန်ကန်စေရန် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

**အမှာစကားပြောကြား**

ရေးဦးစွာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်(Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြေပြင်ကွင်းဆင်းကောက်ယူရေး လက်စွဲစာစောင်အား အသေးစိတ်ရှင်းလင်းခြင်း၊ အိမ်ထောင်စုပုံစံအတွက်ရေးသွင်းခြင်း၊ ရေးသွင်းကောက်ယူရမည့် သူများနှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ မသန်စွမ်းငါးမျိုး ကောက်ယူခြင်း၊ ပုံစံများ ဖြန့်ဝေခြင်း၊ နေ့စဉ်စာရင်းပြုစုခြင်း၊ စာရင်းကောက်ပြီးချိန်တွင် စာရင်းချုပ်ပြုစုခြင်းနှင့် ပုံစံပြန်လည်အပ်နှံရမည့် ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းခြင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန သာစည်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်လွင်နှင့် သင်တန်းနည်းပြများက ပို့ချမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ နာယက ဖြားတန်ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောစတီး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ ဒုတိယဥက္ကဋ္ဌကျာဖူးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) နာယက ဖြားတန်ခွန်ဥက္ကာတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အစီအစဉ်များကို နှစ်ဖက်အသေးစိတ်ညှိနှိုင်းခဲ့ကြပြီးနောက် အစီအစဉ် ၈ ရပ်ကို ညှိနှိုင်းသဘောတူအတည်ပြုခဲ့ကြပြီး ပထမနေ့ ဆွေးနွေးပွဲကို ရပ်နားခဲ့ကြသည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ၌ နှစ်ဖက်သဘောတူ အတည်ပြုထားသည့် အစီအစဉ်များအတိုင်း ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ (၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

ရှေးဦးစွာ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် မိမိတို့ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ အပါအဝင် လုပ်ငန်းကော်မတီ လေးခု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကောင်းမွန်ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ဘဝ လုံခြုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယနေ့ ညှိနှိုင်းအစည်းအဝေးမှ ရရှိလာသည့် ကောင်းမွန်သည့် သုံးသပ်အကြံပြုချက်များအပေါ် အခြေခံ၍ အကျိုးရှိ ထိရောက်သည့် ဆုံးဖြတ်ချက်များကို တစ်ပါတည်း ချမှတ်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီများအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရေးဆွဲထားသည့် စီမံချက်များနှင့်အညီ အောင်မြင်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြန်လည်ဝင်ရောက်လာသူများကို လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ လူဦးရေစိစစ်မှုကဏ္ဍ၊ ပြန်လည်လက်ခံရေးဆိုင်ရာ ပြင်ဆင်မှုလုပ်ငန်းများကဏ္ဍ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုကဏ္ဍ၊ လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ (HARWC) ၏ ရန်ပုံငွေရှင်းလင်းမှုကဏ္ဍ၊ လုံခြုံရေးကဏ္ဍများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများက ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်တွင် သွင်းအားစုများ ပေးအပ်ပွဲ ကျင်းပ

**မအူပင် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက တိုးရွှေဝါခန်းမ၌ ကျင်းပဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်အဆင့်ကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ တောင်သူ ၁၃၅ ဦးတို့ တက်ရောက်ကြပြီး ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၃၈၀ အတွက် ယူရီးယားဓာတ်မြေဩဇာ အိတ်ပေါင်း ၄၇၉၈ အိတ်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားဝန်ကြီးဌာနပေါင်းစုံဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဘော်လီဘော(အမျိုးသမီး)ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ ဘော်လီဘော (အမျိုးသား)ပွဲစဉ်တွင်ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို (၃)ပွဲ-(၁)ပွဲ ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ဘော်လီဘောအမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀ နှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက်အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ နေရာအလိုက်အကောင်းဆုံးအမျိုးသားအားကစားသမားဆု ရရှိကြသူများကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြပြီး ဘော်လီဘောအမျိုးသမီးပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ ဘော်လီဘောအမျိုးသားပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းကလည်းကောင်း ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဘော်လီဘောအမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀ နှင့် ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဘော်လီဘောအမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသော အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀ နှင့် ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၀၊ အမျိုးသမီးအသင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဘော်လီဘောအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားဇာတ်ရုံ(ရန်ကုန်)လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကြီးစားမွမ်းမံပြင်ဆင်ပြီးမြောက်သဖြင့် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် သံရုံးဝန်ထမ်းများ၊ Beijing Construction Engineering Group Co.,Ltd. မှ အင်ဂျင်နီယာများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် စီးပွားရေးသံမှူး Mr. Tan Shu Fu တို့က အမျိုးသားဇာတ်ရုံ (ရန်ကုန်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ထို့နောက် အမျိုးသားဇာတ်ရုံ(ရန်ကုန်) ပြင်ဆင်မွမ်းမံမှုအဆင့်ဆင့်မှတ်တမ်း Video Clip ကို ပြသပြီး သံအမတ်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးထံ သံအမတ်ကြီးက အမျိုးသားဇာတ်ရုံ(ရန်ကုန်) ပြင်ဆင်ပြီးစီးမှုဆိုင်ရာ အထောက်အထားများကို လွှဲပြောင်းပေးအပ်ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မကြာမီ အချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကြီးကိုစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပသည့် အမျိုးသားဇာတ်ရုံ (ရန်ကုန်) လွှဲပြောင်းလက်ခံခြင်းအခမ်းအနားသည် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရာရောက်သည့် အခမ်းအနားဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အမျိုးသားဇာတ်ရုံ(ရန်ကုန်)ပြင်ဆင်မွမ်းမံထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

အမျိုးသားဇာတ်ရုံ(ရန်ကုန်) အကြီးစားပြင်ဆင်မှုအတွက် လုပ်ငန်းတန်ဖိုး RMB ၁၇၃၀၀၀၀၀၀ (ယွမ်တစ်ရာခုနစ်ဆယ့်သုံးသန်းတိတိ) ကုန်ကျခဲ့ကာ အသစ်တည်ဆောက်ပေးသကဲ့သို့ ခေတ်မီဇာတ်ရုံ အင်္ဂါရပ်များ ပြည့်စုံစွာထည့်သွင်းပေးထားပြီး အမျိုးသားဇာတ်ရုံရှိ ဝန်ထမ်းများကို လိုအပ်သော သင်တန်းများ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေးသည် မိမိတို့၏ အဓိကတာဝန်ဖြစ်




**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်တွင် တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေးသည် မိမိတို့၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်အင်ဂျင်နီယာများ မွေးထုတ်ပြုစုပျိုးထောင်ပေးရန် လိုပါကြောင်း၊ တည်ဆောက်ရေးအပိုင်းတွင် အဓိကကျသည့် ဒီဇိုင်းပညာရပ်များကို ဌာနရှိဝန်ထမ်းဖြင့် တိုးတက်အောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ ယခုတံတားတည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသော ဌာနမှ ဝန်ထမ်းအင်ဂျင်နီယာများအနေဖြင့် အဆင့်မြင့်တံတား တည်ဆောက်ခြင်း နည်းပညာရပ်များကို လုပ်ငန်းခွင်မှ လေ့လာသင်ယူ၍ လူ့စွမ်းအားအရင်းအမြစ်မြင့်မားလာအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေပြီး ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်အတွင်း ပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတဘက်ခြမ်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း P.C Box Girder ထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ သန်လျင်ဘက်ခြမ်းသို့ သွားရောက်၍ ချဉ်းကပ်တံတားနှင့် ရေလယ်တိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လွှန်းထိုးခြင်း (Launching) နည်းပညာကို အသုံးပြု၍ P.C Box Girder များ တပ်ဆင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးအပိုင်းတွင် အရေးကြီးသလို အရည်အသွေးထိန်းသိမ်းရေးအပိုင်းကိုလည်း အဓိကထားလုပ်ဆောင်ရန် လိုအပ်ကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ကာ ပဲခူးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်၊ သံမဏိကြိုးဆိုင်း၊ သံမဏိရက်မတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ၈၆၃၉ ပေ၊ ပင်မတံတားအရှည် ၄၀၁၆ ပေ၊ ဆင်ခြေလျှောတံတား အရှည် ၃၇၈ ပေ၊ ချဉ်းကပ်တံတားအရှည် ၂၆၄၈ ပေ၊ ပင်မတံတားအကျယ် ၇၅ ပေ ယာဉ်လေးလမ်းသွားဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး (၇၀ ရာခိုင်နှုန်း) ပြီးစီးနေပြီး တံတားလုပ်ငန်းများ ၂၀၂၄ ခုနှစ် မေလအတွင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကမာကြည်လမ်း သုဝဏ္ဏရှိ တံတားဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးဌာနခွဲရုံး ဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်ခွဲခန်းသုံးပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းရန်နှင့် လုပ်ငန်းခွင်အတွင်း ထိထိရောက်ရောက် အသုံးပြုရန် တာဝန်ရှိသူများကို မှာကြားသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း (နေပြည်တော်) ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်၍ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအောက်ရှိ ဌာနအဖွဲ့အစည်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၂ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသိကောင်းစရာများ၊ အခွန်ပေးဆောင်ရာ၌ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အခွန်ကိစ္စရပ်များ၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပြည်ပချေးငွေနှင့် ပြည်ပအကူအညီရယူခြင်း၊ နိုင်ငံခြားငွေသုံးစွဲခြင်း၊ ငွေတိုက်လုပ်ငန်းဆိုင်ရာဘဏ္ဍာရေး သတင်းအချက်အလက်များ၊ စာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းစသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့နှင့်ယှဉ်၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ဒီဇင်ဘာ ၂၂ ရက်က မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်နံနက်ပိုင်းတွင် အကောက်ခွန် ဦးစီးဌာနရုံးချုပ်၌ တင်ဒါလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးခုံရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ဌာန၏လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အေးရှားဝေါလ် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းကိုလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်၌ ကျင်းပသည့် ဘဏ်၏ပထမလေးလပတ်နှင့် ဒုတိယလေးလပတ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ချေးငွေကိစ္စများ အသေးစိတ်ဆွေးနွေး မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ သွားရောက်၍ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်း မြဲအောက် လျော့နည်းနိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် မွန် ပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၇ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နှစ်ရက်မှ ကိုးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ မြစ်သာ မြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေခန့်စီ၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နေပြည်တော်ရှိအထူးကုဆေးရုံကြီးများသို့ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပံ့ပိုးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သားဖွားမီးယပ်အထူးကုဆေးရုံကြီး(နေပြည်တော်)သို့ သွားရောက်၍ ပြင်ပလူနာဌာန၊ သားဖွားလူနာဆောင်၊ မီးယပ်လူနာဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ မွေးကင်းစကလေးလူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ချုပ်မှုဆောင်တွင် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မွေးကင်းစကလေးငယ်များ အသည်းရောင်အသားဝါကာကွယ်ဆေး ထိုးနှံပေးရေးညှိနှိုင်းဆောင်ရွက်ရန်၊ လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျတပ်ဆင်ထားရှိရန်၊ အရေးပေါ်သားဖွားမီးယပ်လူနာများ ၂၄ နာရီ လက်ခံကုသမှုကို ဆက်လက်အားဖြည့်ဆောင်ရွက်ရန်၊ အထူးကုဆရာဝန်ကြီးများအနေဖြင့် ကုသရေးတာဝန်အပြင် သင်ကြားရေးတာဝန်ပါ ပူးတွဲတာဝန်ယူဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကလေးအထူးကုဆေးရုံကြီး (နေပြည်တော်)သို့ သွားရောက်၍ ပြင်ပလူနာဌာန၊ ဆေးသိုလှောင်ရေးဌာန၊ ကလေး သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ကာကွယ်ဆေးထိုးဌာနနှင့် Cold Room၊ အတွင်းလူနာဆောင်များ၊ မွေးကင်းစကလေးကုသဆောင်၊ လူနာစောင့်တည်းခိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးများအလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲရေး၊ ကလေးကျောက်ကပ်ဆေးကုဌာန တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရိုးအထူးကုဆေးရုံကြီး (နေပြည်တော်)သို့ သွားရောက်၍ အတွင်းလူနာဆောင်၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ CT/MRI များ၊ သွေးလှူဘဏ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လူနာများ ကုန်ကျစရိတ်သက်သာစေရေး အခမဲ့ဆေးကုသမှုနှင့် ဓာတ်ခွဲစစ်ဆေးမှုများ ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးရန်၊ ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေး အားဖြည့်ဆောင်ရွက်ရန်နှင့် အထူးကုဘာသာရပ်အလိုက် နည်းပညာဖလှယ်နိုင်ရေး ဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၂၇

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်သည့်အတွက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ/တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သန့်ရှင်းသည့်အစိုးရ၊ ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အဂတိလိုက်စားမှုသည် ကမ္ဘာ့နေရာအနှံ့ ပျံ့နှံ့လျက်ရှိပြီး အဂတိလိုက်စားမှုကြောင့် အဖွဲ့အစည်းများနှင့်တန်ဖိုးများ၊ ကျင့်ဝတ်စာရိတ္တဆိုင်ရာတန်ဖိုးများနှင့် တရားမျှတမှုတို့ကို ပျက်စီးစေခဲ့ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေပါကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရ တည်ဆောက်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းသည် အဓိကလုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း လုပ်ငန်းများကို ယှဉ်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို မူဝါဒမူဘောင်ခိုင်မာရေး၊ ဥပဒေမူဘောင်ခိုင်မာရေး၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းညီညွတ်ရေးတို့အတွက် လေးနှစ်တစ်ကြိမ် မဟာဗျူဟာစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို စိစစ်သုံးသပ် ဟန့်တားဆောင်ရွက်ခြင်းဖြင့်လည်း အဂတိလိုက်စားမှုများကို လျှော့ချနိုင်သည့်အတွက် အဂတိကင်းစင်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်စေရေးအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။




ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို ဒီဇင်ဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)မှ အဖွဲ့ဝင်များကို ဆက်လက်ပို့ချဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းတွင် သမဝါယမကဏ္ဍမှပူးပေါင်းဆောင်ရွက်မည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းတွင် သမဝါယမကဏ္ဍက ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ချေးငွေလုပ်ငန်း ကြီးကြပ်မှုဗဟိုအဆင့် လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) ၌ ကျင်းပသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ပြီး နိုင်ငံ့စီးပွားရေး မြင့်မားလာစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးမြင့်တက်လာစေရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တောင်သူလယ်သမားအစုအဖွဲ့/ သမဝါယမအသင်းများ၊ ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူများက အဓိကပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

**လျာထားဆောင်ရွက်နေ**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်ဘီလီယံ ၁၀၀ ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသအစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ရှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသသုံးခုတို့တွင် သမဝါယမအသင်း ၁၅၈ သင်း၊ အသင်းသား ၇၁၇၃ ဦးကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကန်ထရိုက်လယ်ယာ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု၊ အရောင်းဆိုင်၊ ဆန်စက်နှင့် ဆီစက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ငွေကျပ် ၁၁ ဒသမ ၆၇၉ ဘီလီယံခန့် လျာထားဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း။

ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်ဆောင်ရွက်နေပြီး သမဝါယမအသင်းများပိုင်ဆိုင်သော ဆီစက်များ တည်ထောင်ပြီးစီးပါက ဆီစက် ၁၅ လုံးအထိ ရှိလာမည်ဖြစ်ကြောင်း၊ ဆီစက်တစ်လုံးမှ တစ်ရက်လျှင် ပျမ်းမျှ ဆီပိသာချိန် ၄၀၀ ခန့် ကြိတ်ခွဲထုတ်လုပ်နိုင်သည့်အတွက် သမဝါယမအသင်းပိုင် ဆီစက်များမှ တစ်ရက်လျှင် စားဆီပိသာချိန် ၆၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်၍ နိုင်ငံတော်၏ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုက်နာရမည့်စည်းကမ်းများ၊ တာဝန်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများနှင့် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌတို့က မိမိတို့သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

## ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် စိတ်ပါဝင်စားသည့်ပြည်သူများ လာရောက်လေ့လာဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၇

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ ဒုတိယနေ့ကိုယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်မိသားစုများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များနှင့် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ကဏ္ဍအလိုက် ပါဝင်ဆင်နွှဲမည့်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသည်။




(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲတွင် ကျောင်းသား ကျောင်းသူများက ချစ်စဖွယ် တိုင်းရင်းသားရိုးရာကကွက်များဖြင့် ကပြဖျော်ဖြေစဉ်။

ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှု ပြခန်းပြကွက်များဖြစ်သော လေကြောင်းမီးထောက်လှမ်းရေးစနစ်ပြကွက်၊ ကျန်းမာရေးအတွက် အားကစားနည်းများကို အဖွဲ့လိုက်နှင့် တစ်ဦးချင်း တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်သော Indoor Gymnasium ပြကွက်၊ လယ်သမားများအတွက် တီထွင်ထားသော ကောက်ပဲသီးနှံများ၏ အခြေအနေကို နေအိမ်မှ Smartphone (သို့) Laptop မှတစ်ဆင့် စစ်ဆေးနိုင်သည့်နည်းပညာပြကွက်၊ ပစ္စည်းများရွှေ့ပြောင်းပေးခြင်း၊ အရောင်များကို ခွဲခြားပေးနိုင်သည့် ဉာဏ်ရည်တုနည်းပညာသုံး စက်ရုပ်ပြကွက်နှင့် အပင်များကို မြေအသုံးမပြုဘဲ (မြေမဲ့)အာဟာရဖျော်ရည်ဖြင့် စိုက်ပျိုးခြင်းပြကွက်များတွင် လူငယ်နှင့် ကျောင်းသား ကျောင်းသူများ သာမက ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများပါ စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာကြည့်ရှုကြသည်။



ကြီးမြတ်သောမြန်မာ ဇာတ်ကားကြီးတွင် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံး လူ့အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာနေကြစဉ်။

ထို့ပြင် လူနေမှုဘဝ တိုးတက်မြင့်မားစေရန် ဒစ်ဂျစ်တယ်မြို့တော်တီထွင်ဖန်တီးမှုပြကွက်၊ လူနှင့်တိရစ္ဆာန်များအား Sensors များဖြင့် အပြန်အလှန်ဆက်သွယ်နိုင်သော နည်းပညာပြကွက်၊ တက်စလာကွိုင်ဖြင့် ကြိုးမဲ့ဓာတ်အားပို့ခြင်းပြကွက်၊ ရေနံချက်စက်ရုံပြကွက်၊ IT နည်းပညာကိုအသုံးပြု၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးသမားများကို စိုက်ပျိုးရေးနှင့်မွေးမြူရေး သတင်းအချက်အလက်များပေးပို့သည့် Ayeyar Farming Solution ပြကွက်၊ Network များချိတ်ဆက်ဆောင်ရွက်ပုံပြကွက်၊ အလိုအလျောက်အရောင်ရောစပ်ခြင်းနှင့် ဖြည့်သွင်းပေးသည့်စက်ပြကွက်၊ ရေနံချက်စက်ရုံနှင့် စွမ်းအင်ပြောင်းလဲခြင်းပြကွက်၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်ပြကွက်၊ လုံခြုံသည့်လူနေအိမ်တစ်ခုဖန်တီးနိုင်ရန် Smart Home နည်းပညာပြကွက်များ ကလေးငယ်များအတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေးစာအုပ်များ၊ ကျန်းမာရေးကဏ္ဍစာအုပ်များ၊ ပညာရပ်ဆိုင်ရာစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာစာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွားရေးစီမံခန့်ခွဲမှုစာအုပ်များနှင့် သမိုင်းစာအုပ်များ ခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေဗဟုသုတများနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့်စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ကို သိရှိစေနိုင်မည့် အထူးဖျော်ဖြေရေးအစီအစဉ်များအဖြစ် ကြီးမြတ်သောမြန်မာ၊ သူ့ကျွန်မခံပြီနှင့် ဘေရုပ်ရှင်ဇာတ်ကားများကိုလည်း အနုပညာဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် နေ့ရက်အလိုက် ပြသဖျော်ဖြေမှုများ၊ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ၌လည်း ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြပွဲသို့ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

စာအုပ်စာပေဖတ်ရှုရန် စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကျောင်းသူများ၏ ချစ်စဖွယ်တိုင်းရင်းသားရိုးရာကကွက်များကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများကလည်း စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး 3Dရုပ်ရှင်ဇာတ်ကားကြီးဖြစ်သော ကြီးမြတ်သောမြန်မာ မှတ်တမ်းရသရုပ်ရှင်ဇာတ်ကားကြီး အောင်မြင်စွာ ရိုက်ကူးနိုင်ရန်အတွက် အသုံးပြုခဲ့သည့် ရိုက်ကူးရေးသုံးနည်းပညာပစ္စည်းများ၊ ရိုက်ကွင်းကြိုတင်ပြင်ဆင်မှုများ၊ ရိုက်ကွင်းပုံရိပ်များကို ပြည်သူများ သိရှိနိုင်စေရန် ပြသထားပြီး သိရှိလိုသည်များကိုလည်း အနုပညာရှင်များကလိုက်လံရှင်းလင်းပြသပေးကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလည်း စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့်ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်းဖြစ်ခဲ့သည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့်လည်း ပြည်တွင်းနှင့် နိုင်ငံတကာရှိ သတင်းထူး၊ သတင်းဦးများကို ဖော်ပြပေးနေသည့် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို www.mdn.gov.mm website နှင့် Mobile Application မှ အချိန်မရွေး အခမဲ့ဖတ်ရှုနိုင်ကြောင်းကို ပြခန်းဖွင့်လှစ်၍ ပြပွဲလာသူများ သိရှိနိုင်စေရန် အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ဒေသထွက်ကုန် အစားအစာနှင့် အမှတ်တရပစ္စည်း အရောင်းပြခန်း၌လည်း ပုသိမ်ထီး လက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို လက်မှုပညာရပ်တစ်ခုအနေဖြင့် ပြသပြီး ဒေသထွက်အစားအစာများဖြစ်သော ပုသိမ်ဟာလဝါ၊ ခြံထွက်နွားနို့ဒိန်ချဉ်၊ ငှက်ပျောကြော်နှင့် ပုသိမ်ထီးများကိုလည်း ရောင်းချခဲ့ရာ လာရောက်အားပေးဝယ်ယူသူများဖြင့် စည်ကားခဲ့သည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆောင်ရွက်လျက်ရှိသော အခြေအနေများကို မှတ်တမ်းမှတ်ရာများဖြင့် ပြည်သူများ သိရှိစေရန် ခင်းကျင်းပြသလျက်ရှိရာ စိတ်ဝင်တစားဖြင့် လာရောက်လေ့လာကြသည်။

အဆိုပါပွဲတော်ကြီးသို့ လာရောက်လေ့လာဆင်နွှဲကြသည့် လူငယ်များနှင့် ကလေးငယ်များ ပျော်ရွှင်စေရန်အတွက် ဝန်ကြီးဌာနအသီးသီးအလိုက် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများနှင့် ပဟေဠိကစားနည်းများကို အသိပညာပေးနည်းလမ်းများတွဲဖက်၍ ကစားစေသည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်အားထက်သန်စွာ ဝင်ရောက်ဆော့ကစား၍ ကစားနည်းအလိုက် အနိုင်ရရှိသူများကိုလည်း ဆုများပြန်လည်ချီးမြှင့်ပေးခဲ့ရာ ပျော်ရွှင်စရာ အစီအစဉ်ကောင်းတစ်ခုအဖြစ် မြင်တွေ့ရသည်။

ထို့ပြင် "မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့" ဆောင်ပုဒ်ဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ကို အသိပညာပေးပြသထားပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သော ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးပြစ်မှုပြစ်ဒဏ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

ပြပွဲအတွင်း၌လည်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစုစာရေးဆရာများ၏ စာမျက်နှာ ၁၃ သို့ ❖




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြခန်းတွင် ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာနေကြစဉ်။

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၉) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မြဝတီ ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မင်းမင်းစိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြ သည်။

**ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်**

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိ ကြီးများနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း(မှော်ဘီ)ကျောင်းအုပ်ကြီးတို့သည် စင်မြင့် ထက်တွင်နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦး ချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ် သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ယနေ့ကျင်းပသည့် ပြန်တမ်းဝင်အရာရှိ ခန့်အပ် ခြင်း အခမ်းအနားတွင် ကျောင်းဆင်းဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများကို ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူး ခန့်အပ်ပေးခြင်းဖြစ်သည်။ ဘွဲ့ရအမျိုးသမီးအရာရှိ ဗိုလ်လောင်းသင်တန်းကို တပ်မတော်အတွက် အရည် အချင်းပြည့်ဝသည့် ဦးစီးအရာရှိများမွေးထုတ် ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၉)အထိ လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် သက်ဆိုင်ရာ (ကြည်း၊ ရေ၊ လေ)လက်ရုံးတပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိသားစုပျော်ပွဲရွှင်ပွဲများ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၄ ရက်တွင် ကျရောက်ခဲ့သည့် တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော် (ရေ)ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင် များ၏ မိသားစုပျော်ပွဲရွှင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ ဘောလုံးကွင်းနှင့် သန်လျင်တပ်နယ်ရှိ တပ်နယ် ဘောလုံးကွင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ မိသားစုပျော်ပွဲရွှင်ပွဲသို့ တပ်မတော်(ရေ) မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင် တက်ရောက်ခဲ့ကြပြီး (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပြခန်းများနှင့် မြန်မာ့လက်မှုပညာပြခန်းတို့ကို ကြည့်ရှုလေ့လာခြင်း၊ ရေတပ်စခန်းဌာနချုပ်အလိုက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသော အမှတ် တရ ပစ္စည်းအရောင်းဆိုင်များနှင့် မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာ အရောင်းဆိုင်များ၊ စာအုပ် အရောင်းဆိုင်နှင့် တပ်မတော်ထုတ် လူသုံးကုန် ပစ္စည်းအရောင်းဆိုင်များမှ ဝယ်ယူအားပေးခြင်း၊ တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ် ဖျော်ဖြေမှုများ၊ အနုပညာရှင်များနှင့် ရေတပ်စခန်း ဌာနချုပ်အလိုက် သီဆိုကပြသည့် ပဒေသာကပွဲများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းအကအလှတို့ဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခြင်းများတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၂ မှ

ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသထားရှိရာ ဓာတ်ပုံချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာ ရှင်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှု လေ့လာကြသည်။

အဆိုပါပြပွဲအား ကျောင်းသား ကျောင်းသူများ နှင့် လူငယ်များ စာအုပ်စာစောင်များကို တန်ဖိုး ထားဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ ရုပ်ရှင်အနုပညာမှ တစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်း ကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှ အပများကိုသိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများ မှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက် ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေ ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ သိသင့်သိထိုက်သည့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် အနု ပညာဆိုင်ရာ အကြောင်းအရာများကို ဦးစားပေးကဏ္ဍ တစ်ရပ်အဖြစ် ပြသမည့် လူငယ်နှင့် စာပေအနုပညာ ပြပွဲကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ သွားမည်ဖြစ်သောကြောင့် လွတ်လပ်စွာ ပါဝင်ဆင်နွှဲ နိုင်ကြောင်း သိရသည်။

**သတင်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုထိန်၊ ကိုအေးသန်း**




ဧရာဝတီတိုင်းဒေသကြီး အရောင်းပြခန်းတွင် ပုသိမ်ထီးလက်တွေ့ပြုလုပ်ပုံအဆင့်ဆင့်ကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြစဉ်။

# မိုးနဲမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းဖွင့်



**မိုးနဲ ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ မြို့နယ်မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးသန်းအောင်က သင်တန်းပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီ အတွင်း ရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ခိုင်က စာရင်းကောက်များ လိုက်နာ ရမည့်ကျင့်ဝတ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ပြည်နယ်အဆင့် မြေပြင်လူဦးရေစာရင်း ကောက်ယူရေးဆင့်ပွားနည်းပြသင်တန်း တက်ရောက်ခဲ့သော မိုးနဲ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ရောမိုး နှင့် မြို့နယ်လဝကမှူး ဒေါ်နန်းငွေဇင်ထွန်းတို့က သက်ဆိုင်ရာ ခေါင်းစဉ် များအလိုက် စာရင်းကောက်များလုပ်ဆောင်ရမည့် အချက်များကို ပို့ချ ပေးခဲ့ကြပြီး သင်တန်းသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေး များ၊ ရာအိမ်မှူးများ၊ ကျောင်းဆရာ ဆရာမများ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူငယ်တွေအတွက် အတွေ့အကြုံဗဟုသုတတွေရရှိတဲ့အပြင် လက်ရှိဝန်ကြီးဌာနတွေမှာ လုပ်ငန်းတွေဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို မြင်တွေ့ရမှာဖြစ်ပါတယ်

ဦးထွန်းအေးခိုင်

တွေ့ဆုံမေးမြန်း
မျိုးဆက်သစ်
ဓာတ်ပုံ - ကိုအေးသန်း

နေပြည်တော် ဒီဇင်ဘာ ၂၇

လူငယ်နှင့် စာပေအနုပညာပြပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ စတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပလျက်ရှိသည်။

အဆိုပါ ပွဲတော်ကြီးတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စာပေဆိုင်ရာအကြောင်းအရာများ၊ အနုပညာရပ်ဆိုင်ရာအကြောင်းအရာများပါဝင်သည့် ပြခန်းပေါင်း ၆၀ ကျော် ပါဝင်ပြသထားပြီး နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို သိရှိနိုင်စေမည့် ရုပ်ရှင်ဇာတ်ကားကောင်းများကိုလည်း ထည့်သွင်းပြသလျက်ရှိရာ စိတ်ပါဝင်စားစွာဖြင့် စိတ်အားထက်သန်စွာ လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ ရင်တွင်းခံစားချက်များကို အများပြည်သူသိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။


ကိုဝင်းဆန်း


မောင်ဇော်လျှံဖြိုး


မငွေဇင်သွန်း


ဦးထွန်းအေးခိုင်


ဦးဘုန်းဆက်ပိုင်


မထူးချွန်ထက်မြတ်စိုး


မမိုးမကျော်


မလျှက်တွယ်တာ


မနှင်းဖူးအိမ်


မောင်ကောင်းမြတ်ကျော်

**ကိုဝင်းဆန်း(ပုသိမ်ထီးဆေးရောင်ခြယ်သူ)**

ဒီလိုပြပွဲကြီးမှာ တစ်ဖက်တစ်လမ်းက ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရဲ့ လက်မှုပညာရပ်တစ်ခုဖြစ်တဲ့ ပုသိမ်ထီးကို ပြပွဲလာရောက်တဲ့သူတွေရှေ့မှာ လက်တွေ့ဆေးရောင်ခြယ်ပြမှာဖြစ်ပါတယ်။ ပုသိမ်ထီးတစ်လက်ရရှိဖို့ အရိုးတံကို အချောသပ်၊ ပိတ်စကပ်ပြီးရင်တော့ ထီးတစ်လက်ရရှိပါပြီ။ အဲဒီထီးပေါ်မှာ ကျွန်တော်က ပန်းပွင့်ပုံ၊ ပန်းချီပုံလေးတွေ ဆွဲပါတယ်။ ဆွဲတဲ့ပန်းချီစုတ်တံလေးတွေကလည်း မတူပါဘူး။ ကျွန်တော့်အသက် ၁၀ နှစ် သားလောက်ကတည်းက စပြီး ဒီပန်းချီကို ဆွဲခဲ့တာဖြစ်ပါတယ်။ ဒီအလုပ်က ကျွန်တော့်ရဲ့အသက်မွေးဝမ်းကျောင်း အလုပ်ဖြစ်ပါတယ်။ ပုသိမ်ထီးတွေမှာ အလှဆောင်းထီး၊ ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီးဆိုပြီးရှိပါတယ်။ အခုနောက်ပိုင်းမှာတော့ ဆိုင်ခန်းတွေမှာ အလှဆင်တာလည်းရှိပါတယ်။ ရှင်ပြုမင်္ဂလာပွဲတွေမှာလည်း အသုံးပြုကြပါတယ်။

ဒီလိုပြပွဲကို လာရောက်ခွင့်ရတဲ့အတွက် ကြည်နူးဝမ်းသာမိပါတယ်။ ဒီပုသိမ်ထီးဆေးရောင်ခြယ်လုပ်ငန်းကို ကျွန်တော်အသက်ရှိနေသရွေ့ လုပ်သွားမှာပါ။ တပည့်လေးတွေကိုလည်း လက်ဆင့်ကမ်းပညာကုန်သင်ကြားပေးပါတယ်။ ကျွန်တော့်တပည့်လေးတွေကိုလည်း နောင်အနာဂတ်ကလေးတွေကို ဆက်လက်ပြီး လက်ဆင့်ကမ်းပါလို့ မှာကြားဖြစ်ပါတယ်။ ဒီပညာကို သင်ကြားခွင့်ရခဲ့တဲ့အတွက် ဂုဏ်ယူမိသလို သင်ကြားပေးခဲ့တဲ့ဆရာကိုလည်း အမြဲတမ်းကျေးဇူးတင်ပါတယ်။ အခု ဒီလိုခမ်းနားတဲ့ပွဲကို တက်ရောက်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာကြည်နူးဖြစ်မိပါတယ်။

**မောင်ဇော်လျှံဖြိုး(ကျောင်းသား၊ အထက -၅၊ နေပြည်တော်)**

လူငယ်နဲ့စာပေအနုပညာပြပွဲမှာကျွန်တော့်အနေနဲ့ ဖျော်ဖြေရေးကဏ္ဍကနေ ပါဝင်ဆင်နွှဲသွားမှာဖြစ်ပါတယ်၊ ပြခန်းတွေမှာလည်း အင်ဂျင်နီယာပိုင်းနဲ့ သက်ဆိုင်တာတွေပါဝင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အင်ဂျင်နီယာ(မြို့ပြ)ပိုင်းကိုစိတ်ဝင်စားလို့ ပိုပြီးလေ့လာဖြစ်ပါတယ်။ နောက်ပြီး ရေကြောင်း၊ လေကြောင်းနဲ့ ကုန်းလမ်းပို့ဆောင်ရေးနဲ့ပတ်သက်တဲ့ကဏ္ဍတွေကိုလည်း လေ့လာဖြစ်ပါတယ်။ ဒီလိုပြပွဲတွေကျင်းပပေးတဲ့အတွက် အနာဂတ်လူငယ်တွေအတွက် ကောင်းကျိုးများစွာ ရရှိစေပါတယ်။ လက်တွေ့ဆောင်ရွက်နေတဲ့ လုပ်ငန်းအကြောင်းအရာတွေကို ထုတ်ဖော်ပြသပေးတဲ့အတွက် အကျိုးရှိပါတယ်၊ ဒီလိုပွဲမျိုးကရှားရှားပါးပါးကြုံတောင့်ကြုံခဲ (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲလည်းဖြစ်တဲ့အတွက် လာရောက်လေ့လာဖို့ ဖိတ်ခေါ်လိုပါတယ်။

**မငွေဇင်သွန်း(ကျောင်းသူ၊ အထက–၂၊ နေပြည်တော်)**

သမီးတို့က(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားမှာ စာလုံးသရုပ်ဖော်ကဏ္ဍကနေ ပါဝင်မှာဖြစ်ပါတယ်။ ဒီနေ့လို စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြပွဲ ပြုလုပ်ပေးတဲ့အတွက် ဗဟုသုတများစွာလည်း ရရှိပါတယ်။ ဒီပြပွဲကိုရောက်တော့ မမြင်ဖူးတာတွေလည်းမြင်ရတယ်၊ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့တဲ့သူတွေရဲ့အကြောင်းတွေကို စာတွေပုံတွေနဲ့ ပြသထားတာတွေကိုလည်း တွေ့ခဲ့ရပါတယ်။ နောက်ပြီးဂိမ်းတွေလည်း ဆော့ကစားဖို့ စီစဉ်ပေးထားတဲ့အတွက်လည်း အလွန်ပျော်ရွှင်ရတယ်။ ဖြစ်နိုင်ရင် နောက်တစ်ခေါက် ထပ်ပြီးလာချင်ပါတယ်။ ဒီပွဲကိုကျင်းပပေးတဲ့သူများအားလုံးကိုကျန်းမာပါစေချမ်းသာပါစေလို့ သမီးကဆုတောင်းပေးပါတယ်။

**ဦးထွန်းအေးခိုင် (စက်ရုံမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

ကျွန်တော်တို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ရေဒီယို၊ Television၊ virtual ပြခန်း၊ MRTV HD News Studio နဲ့ Online မှာပြသခဲ့တဲ့ သမိုင်းမှတ်တိုင်တွေကို ခင်းကျင်းပြသထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ထုတ်လွှင့်ခဲ့တဲ့ သမိုင်းမှတ်တိုင်တွေ၊ လက်ရှိမြန်မာ့အသံက ပြသနေတဲ့ HD News Studioနဲ့ virtual Studio တွေကို လူငယ်တွေ မျက်ဝါးထင်ထင် မြင်တွေ့သွားအောင် ပြသခြင်းဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ ကျွန်တော်တို့ MRTV ရဲ့ သတင်းထုတ်လွှင့်တင်ဆက်နေမှုတွေ၊ ရေဒီယိုတင်ဆက်ထုတ်လွှင့်ပေးနေမှုတွေ၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ရေဒီယို၊ ရုပ်မြင်သံကြားလိုင်းတွေ လွှမ်းခြုံနေမှုတွေကို ကြည့်ရှုလေ့လာနိုင်ပါတယ်။ လူငယ်တွေအတွက် အတွေ့အကြုံ ဗဟုသုတတွေရရှိတဲ့အပြင် လက်ရှိဝန်ကြီးဌာနတွေမှာ လုပ်ငန်းတွေဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

**ဦးဘုန်းဆက်ပိုင် (မြန်မာ့အမျိုးသားလေကြောင်းလိုင်း)**

ကျွန်တော်တို့ မြန်မာ့လေကြောင်းပြခန်းမှာ လေကြောင်းလိုင်းမှာသုံးနေတဲ့ လေယာဉ်ပျံတွေ၊ ကျွန်တော်တို့နိုင်ငံကို ပြည်ပကနေဆင်းသက်ခဲ့တဲ့ လေကြောင်းလိုင်း ၄၀ နဲ့ အခု လက်ရှိဆင်းသက်နေတဲ့ လေယာဉ်ပျံပုံစံငယ်အရုပ်လေးတွေကို လေ့လာနိုင်ပါတယ်။ လူငယ်တွေ အခုလို လာရောက်လေ့လာတဲ့အခါမှာ လေကြောင်းနဲ့ပတ်သက်ပြီး ပိုမိုစိတ်ဝင်စားလာကြပါတယ်။ ဒါကြောင့်လေကြောင်းနဲ့ သက်ဆိုင်တဲ့ လေယာဉ်မောင်းတဲ့အလုပ်၊ လေယာဉ်မှူးအလုပ်၊ လေကြောင်းထိန်းအလုပ်၊ လေယာဉ်မယ်နဲ့ လေယာဉ်မောင်အလုပ်တွေကို ပိုပြီးလုပ်ချင်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီပြပွဲမှာ ပြကွက်ပေါင်းအများကြီးရှိတဲ့အတွက်ကြောင့် သိချင်တဲ့ဗဟုသုတပေါင်းစုံကို တစ်နေရာတည်းမှာစုစုစည်းစည်းလေ့လာလို့ရတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အဆင့်ပြုလုပ်တဲ့ လူငယ်နှင့် စာပေအနုပညာပြပွဲမှာ ဝင်ရောက်ပြသခွင့် ရရှိတဲ့အတွက် မြန်မာ့လေကြောင်းအနေနဲ့ အင်မတန်ဂုဏ်ယူမိပါတယ်။

**မထူးချွန်ထက်မြတ်စိုး (ကျောင်းသူ၊ အ.ထ.က–၉၊ နေပြည်တော်)**

အခုပြပွဲမှာ လေ့လာခဲ့တာကတော့ ယာဉ်ထိန်းအဖွဲ့ ဝတ်စုံလေးတွေ၊ ကြီးမြတ်သောမြန်မာ ပြခန်းထဲမှာ ခင်းကျင်းပြသထားတဲ့အရာတွေကို လေ့လာခဲ့ပါတယ်။ ဉာဏ်စမ်းပဟေဠိကို သမီးတို့သူငယ်ချင်းသုံးယောက် ဖြေဆိုခဲ့ပါတယ်။ ဒီပြပွဲလာရောက်ရတဲ့အတွက် သမီးအနေနဲ့ပျော်ရွှင်ရပါတယ်။ စိတ်ထွက်ပေါက်လည်းရပါတယ်။ ဗဟုသုတတွေလည်းအများကြီးရပါတယ်။ ဒီလိုပြပွဲတွေလုပ်ပေးတဲ့အတွက် လူငယ်တွေအတွက် အများကြီးအထောက်အကူဖြစ်ပါတယ်။ စာအုပ်တွေလည်း အများကြီးရှိတဲ့အတွက်လည်း ဗဟုသုတတွေရရှိပါတယ်။ သူငယ်ချင်းတွေအနေနဲ့လည်း လာရောက်ပြီးတော့ လေ့လာစေချင်ပါတယ်။

**မမိုးမကျော်(ကျောင်းသူ၊ အ.ထ.က–၉၊ နေပြည်တော်)**

သမီးဒီနေ့လေ့လာခဲ့တာကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဌာနဆိုင်ရာပြခန်း၊ ယာဉ်ထိန်းပြခန်းကို လေ့လာခဲ့ပါတယ်။ ယာဉ်ထိန်းအင်္ကျီဝတ်စုံ၊ ယာဉ်ထိန်းရဲမေဝတ်စုံတွေကို သဘောကျတဲ့အတွက် သမီးအနေနဲ့ ယာဉ်ထိန်းရဲမေလုပ်ချင်ပါတယ်။ အခုလိုပြပွဲကျင်းပပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေ ပျော်ရွှင်ရပါတယ်။ စာပေအတွက်လည်း အသိဗဟုသုတတွေရပါတယ်။ ကျောင်းတိုင်းလိုလို ဒီပွဲကို လာရောက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မလျှက်တွယ်တာ (ကျောင်းသူ၊ အ.ထ.က–၉၊ နေပြည်တော်)**

အခုပြပွဲမှာ အများကြီးလေ့လာခဲ့ရပါတယ်။ ပို့ဆောင်ရေးကဏ္ဍနဲ့ သမိုင်းအကြောင်းအရာတွေဆို သမီးကစိတ်ဝင်စားတဲ့အတွက် ကြီးမြတ်သော မြန်မာရုပ်ရှင်နဲ့ ပြခန်းကိုသွားရောက်လေ့လာခဲ့ပါတယ်။ ကြီးမြတ်သော မြန်မာရုပ်ရှင်မှာဝတ်တဲ့ လက်ဝတ်လက်စားတွေ၊ စာအုပ်တွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ သမိုင်းကြောင်းကို လူတွေက လေ့လာမှုနည်းပါးနေတယ်။ ဒါကြောင့် သူငယ်ချင်းတွေကို သမိုင်းကြောင်းနဲ့ပတ်သက်ပြီးတော့ လေ့လာစေချင်ပါတယ်။ ဒီပြပွဲမှာ သမိုင်းကြောင်းနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ခင်းကျင်းပြသပေးထားတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**မနှင်းဖူးအိမ် (ကျောင်းသူ၊ စံကိုယ်ပိုင်အထက်တန်းကျောင်း)**

ပြပွဲမှာ ပြခန်းတွေအများကြီးလေ့လာပြီးပါပြီ၊ ကျန်းမာရေးဝန်ကြီးဌာနက ပြသတဲ့အသည်းနဲ့ပတ်သက်တာ၊ အဆုတ်နဲ့ပတ်သက်တာ၊ ဦးနှောက်သွေးယိုခြင်းနဲ့ ပတ်သက်တာတွေကို သေချာလေ့လာဖြစ်ပါတယ်။ ဒီလိုမျိုးပြပွဲတွေ လုပ်ပေးခြင်းဟာ သမီးတို့လို လူငယ်တွေအတွက် အသိပညာဗဟုသုတတွေ များစွာရရှိစေပါတယ်။ ကျောင်းမှာပဲ ဒီအတိုင်း ပညာသင်ကြားလေ့လာတာထက်စာရင် လက်တွေ့ကိုယ့်ဘာသာကိုယ် သိရတာပိုကောင်းပါတယ်။ နောင်မှာလည်း ဒီလိုမျိုးပွဲတွေလုပ်ပေးဖို့ မျှော်လင့်ပါတယ်။ ကျောင်းမှာစာတွေနဲ့ပဲ အချိန်ကုန်နေရတဲ့အတွက် အခုလိုမျိုး အပြင်ထွက်ပြီးတော့ လေ့လာရတဲ့အခါ စိတ်ပျော်ရွှင်လန်းဆန်းစေပါတယ်။

**မောင်ကောင်းမြတ်ကျော် (ကျောင်းသား၊အ.ထ.က–၆၊နေပြည်တော်)**

အခုပြပွဲမှာ အသစ်အဆန်းတွေ လေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်တော်အကြိုက်ဆုံးကတော့ နည်းပညာပိုင်းတွေ ဖြစ်ပါတယ်။ ကျွန်တော်ကွန်ပျူတာကို စိတ်ဝင်စားတဲ့အတွက် နည်းပညာပိုင်းကို ပိုပြီးလေ့လာဖြစ်ပါတယ်။ ပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေဖြစ်တဲ့ စီးပွားရေးလုပ်ငန်းတွေကိုလည်း စိတ်ဝင်စားပါတယ်။ ကျွန်တော့်ရည်မှန်းချက်ကတော့ မြန်မာနိုင်ငံမှာ အိုင်တီပိုင်းဆိုင်ရာစီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ပါမယ်။ လူငယ်တွေအနေနဲ့ ဒီမှာပြသထားတဲ့ နည်းပညာ အသစ်အဆန်းတွေကို လေ့လာခွင့်ရတဲ့အတွက် အလွန်ကောင်းပါတယ်။ ကျောင်းစာအပြင် အခြားအရာတွေကို လေ့လာဖို့အတွက် လမ်းစဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုပွဲမျိုး ဆက်လက်ဆောင်ရွက်ပေးဖို့ မျှော်လင့်မိပါတယ်။

## တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ်-၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသား ဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်း ချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

# မြန်မာနိုင်ငံ၏ ပြည်တွင်းသုံးငွေစက္ကူများ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာအခြေအနေများ ဆွေးနွေးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ၏ ပြည်တွင်းသုံးငွေစက္ကူများ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာအခြေအနေများ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘဏ်များမှ အမှုဆောင်အရာရှိချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် ငွေကြေးဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းသုံးငွေစက္ကူများကို တစ်ဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများ သန့်ရှင်းကောင်းမွန်ပြီး လုံခြုံမှုအဆင့်အတန်းမြင့်မားသော ငွေစက္ကူများကို ကိုင်တွယ်သုံးစွဲနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ပြည်တွင်းသုံးငွေစက္ကူများနှင့်ပတ်သက်၍ ငွေစက္ကူအတု/အစစ်ခွဲခြားစစ်ဆေးရန် ကိစ္စရပ်များ၊ ဟောင်းနွမ်းငွေစက္ကူများ လျော့နည်းပပျောက်စေရန် ကိစ္စရပ်များ စသည့်အကြောင်းအရာများကို ဆွေးနွေးမည်ဖြစ်သည့်အတွက် တက်ရောက်လာကြသူများ အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ ဘဏ်များက အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့်အတွက် ယနေ့ ဆွေးနွေးချက်များကို မိမိတို့၏ လက်အောက်ဝန်ထမ်းများကို လက်ဆင့်ကမ်းဖြန့်ဝေပေးပြီး ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ပြည်တွင်းသုံးငွေထုတ်ဝေခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူအမျိုးအစားများ၊ ငွေစက္ကူ အတုနှင့် ပတ်သက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များ၊ ငွေစက္ကူများ၏ သိသာထင်ရှားသော သွင်ပြင်လက္ခဏာများကို အများပြည်သူနှင့် ဘဏ်များသို့ အသိပေးဆောင်ရွက်နေမှု၊ ငွေစက္ကူအတုတွေ့ရှိပါက ဘဏ်များမှ လိုက်နာဆောင်ရွက်ရန် အချက်များ၊ ငွေစက္ကူအစစ်နှင့်အတုအား အလွယ်တကူခွဲခြား စစ်ဆေးနိုင်သည့်အချက်များ၊ အများပြည်သူအတွင်း လှည့်လည်သုံးစွဲနေသော ငွေစက္ကူများ သစ်လွင်သန့်ရှင်းမှုရှိစေရေးအတွက် ဟောင်းနွမ်း/စုတ်ပြဲ/ချွတ်ယွင်း ငွေစက္ကူများကို လက်ခံလဲလှယ်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး စိုးနိုင်က ငွေစက္ကူအတုနှင့်ပတ်သက်၍ အတုပြုလုပ်ရောင်းဝယ်ကြသည့်အပေါ် ဖမ်းဆီးရမိမှု၊ ငွေစက္ကူအတုများ ရောင်းဝယ်ဖောက်ကားရန် လိမ်လည်မှုပြုကြသည့်အခြေအနေများ၊ စုံစမ်းစစ်ဆေးအရေးယူမှုကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

တက်ရောက်လာသော နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များက ပြည်သူများ၏ ပေးသွင်းငွေများအပေါ် စိစစ်ဆောင်ရွက်နေမှု၊ ငွေစက္ကူအတုနှင့် ပတ်သက်၍အသိပေး ဆောင်ရွက်နေမှု၊ ငွေစက္ကူအတုတွေ့ရှိပါက ငွေစက္ကူအတုနှင့်တကွ အချက်အလက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံသို့ အပ်နှံဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုဘဏ်၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်နေမှုကို ဆွေးနွေးခဲ့ကြပြီး ယနေ့ဆွေးနွေးပွဲမှ သိရှိလာသော အချက်အလက်များကို မိမိတို့ဘဏ်များအလိုက် ဝန်ထမ်းများကို အသိပညာ ဗဟုသုတဖြန့်ဝေခြင်း (Knowledge Sharing)များ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များက ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များ အကြံပြုဆွေးနွေးပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကူးမြို့၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက် သင်တန်းဖွင့်လှစ်

**စဉ့်ကူး ဒီဇင်ဘာ ၂၇**

စဉ့်ကူးမြို့နယ်၌ နိုင်ငံသားကိုယ်ရေးအချက်အလက်နှင့် လူဦးရေစာရင်းများ မှန်ကန်စေရေးအတွက် မြို့နယ်(Working Group) မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း ကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်နိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း ကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသော်တာထွန်းက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားကာ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စဉ့်ကူးမြို့နယ်ဦးစီးမှူး ဦးရွှေဝင်းက မြေပြင်ကွင်းဆင်း ကောက်ယူရခြင်းလုပ်ငန်း ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း ကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုရှိ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ (Working Group) အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## သန်လျင်မြို့နယ်၌ မြေပြင်လူဦးရေစာရင်း ကောက်ယူရေးသင်တန်းဖွင့်



**သန်လျင် ဒီဇင်ဘာ ၂၇**

သန်လျင်မြို့နယ် မြို့နယ်အဆင့် မြေပြင်လူဦးရေစာရင်းကောက်ယူရေးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက သန်လျင် အထက(၁) ရတနာရှင်းသန့်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ သန်လျင်ခရိုင် လူဦးရေစာရင်းမြေပြင်ကွင်းဆင်း ကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန သန်လျင်မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဇော်က လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သန်လျင်မြို့နယ်(Working Group) မြေပြင်ကွင်းဆင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းသား သင်တန်းသူ ၅၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၀ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၀၇၅ | ၂၁၀၀ | ၂၀၈၅ | ၂၀၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၀၇၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၃၃၅ | ၂၇၆၀ |
| 95 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၂၅ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၈၅ | ၂၄၀၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၆၅ | ၂၄၆၀ | ၂၄၂၅ | ၂၄၆၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၅ | ၂၄၆၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၇၂၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၀၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၀၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၁ | ၂၀၀၃ |
| 95 Ron | ၂၀၀၁ | ၂၀၇၄ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၈၆ |
| HSD (50 ppm) | ၂၃၈၃ | ၂၄၆၁ |
| HSD (10 ppm) | ၂၃၈၃ | ၂၄၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကလေးမြို့၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းဖွင့်

ကလေး ဒီဇင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မြို့နယ်မြေပြင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့်မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် ကလေးခရိုင် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကလေးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်းက နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အခြေခံမဲဆန္ဒရှင်စာရင်းမှန်ကန်ရေးသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ကြောင်း၊ မြေပြင်တွင် လူဦးရေစာရင်းမထပ်မကျန် အမှန်ဖြစ်စေရန် စနစ်တကျကောက်ယူနိုင်ရန်နှင့် နည်းပြများက မြေပြင် တစ်အိမ်တက်ဆင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်ကောက်ယူနိုင်ရေးသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှစိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားသို့သင်တန်းသား သင်တန်းသူ ၁၇၀ တက်ရောက်ကြကြောင်း သိရသည်။ ကလေး(ပြန်/ဆက်)

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

## ဇေယျာသီရိမြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၇

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ ဖွင့်လှစ်သည့် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

သင်တန်းဖွင့်ပွဲတွင် ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးက လူဦးရေစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်း တိုက်ဆိုင် စစ်ဆေးရန်အတွက် မြို့နယ်ရပ်ကွက်/ ကျေးရွာအုပ်စု



များတွင် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှု ကော်မတီများနှင့် မြေပြင်တစ်အိမ် တက်ဆင်း ကောက်ယူရေးအဖွဲ့ ကို ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့၏ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ယခုဖွင့်လှစ်သည့် မြို့နယ်အဆင့်မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်ကြားပို့ချမှုအပေါ် အလေးထားပြီး သင်ယူကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅၀ တက်ရောက်ခဲ့ပြီး ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် တစ်အိမ်တက်ဆင်း ကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း လုပ်ငန်းစဉ်များ၊ မသန်စွမ်းငါးမျိုး စာရင်းကောက်ယူမှုနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများစသည့် အကြောင်းအရာများကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## မင်းလှမြို့၌ လူဦးရေစာရင်းမြေပြင်ကွင်းဆင်းကောက်ယူရေး သင်တန်းပို့ချ

မင်းလှ ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်လူဦးရေစာရင်းမြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်မည့် စာရင်းကောက်အဖွဲ့ဝင်များအား သင်တန်းပို့ချပေးခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ခရိုင်အဆင့်နည်းပြသင်တန်းသို့ သွားရောက်သင်ယူခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်း ၁၁ ဦးတို့က အဖွဲ့ခွဲ၍ရပ်ကွက်ကျေးရွာအုပ်စုမြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီနှင့် မြေပြင်တစ်အိမ်တက်ဆင်းစာရင်းကောက်ယူရေးအဖွဲ့များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာ အုပ်စု ၁၆ အုပ်စုမှ ၄၈ ဦး၊ အမှတ်(၂)ရပ်ကွက် သီရိရတနာခန်းမ၌ ရပ်ကွက်/ကျေးရွာ အုပ်စု ၁၈ အုပ်စုမှ ၅၄ ဦး စုစုပေါင်း ရပ်ကွက်ကျေးရွာအုပ်စု ၃၄ အုပ်စုတို့မှ သင်တန်းသား ၁၀၂ ဦးတို့အား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူခြင်းများ ဆောင်ရွက်ခဲ့**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်နေ သရဖီလွင်(ခ)သဲသဲသည် ၎င်းအသုံးပြုသည့် “Thae Thae” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဥယျာဉ်စုကျေးရွာနေ ကောင်းမြတ်(ခ) ဘိုးတိုသည် ၎င်းအသုံးပြုသည့် “Kaung Myat” Facebook အကောင့်နှင့် ပြည်မြို့ ရွာဘဲရပ်ကွက်နေ ကျော်ဇင်ထွန်း (ခ) ကတုံးသည် ၎င်းအသုံးပြုသည့် “Kyaw Zin Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်သူ့ကြားကပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ရန်ကုန်-ဒလ မြစ်ကူးသင်္ဘောဖြစ်သည့် ချယ်ရီသင်္ဘောပေါ်၌ PDF အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့မှု”** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် **“ ဒီးဒုတ်ခင်ကျေးရွာ လူသတ်မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ်-၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြေပြင်စာရင်းကောက်ယူရေးသင်တန်း မြို့နယ်အဆင့်ဖွင့်လှစ်

မန္တလေး ဒီဇင်ဘာ ၂၇

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြေပြင်စာရင်းကောက်ယူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် မြို့နယ်အဆင့် မြေပြင်စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ပညာရေးဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် မြို့နယ်အဆင့် မြေပြင်စာရင်းကောက်ယူရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အဆင့် မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးဝေလင်းက မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့ သင်တန်းသား သင်တန်းသူ ၂၁၆ ဦး တက်ရောက်ခဲ့ပြီး မြေပြင်စာရင်းကွင်းဆင်းကောက်ယူရေး လက်စွဲစာစောင်၊ အထစပုံစံအလွတ် ရေးသွင်းခြင်း၊ ရေးသွင်းကောက်ယူရမည့်သူများနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မသန်စွမ်းငါးမျိုး ကောက်ယူမှုနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ပုံစံများဖြန့်ဝေခြင်း၊ နေ့စဉ်စာရင်းပြုစုခြင်း စာရင်းကောက်ပြီးချိန်တွင် စာရင်းချုပ်ပြုစုခြင်းနှင့် ပုံစံများ ပြန်လည်အပ်နှံရမည့်ကိစ္စများနှင့်ပတ်သက်သည့် အကြောင်းအရာများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ထန်းတပင်မြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်း ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၇

မြေပြင်အခြေခံလူဦးရေစာရင်း မှန်ကန်စွာ ရရှိစေရေးနှင့် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိစေရေးအတွက် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ဆောင်ရွက်သွားမည် ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာအမှုထမ်းများပါဝင်သော စာရင်းကောက် ၃၁၃ ဦး နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၉ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။



**ဇင်မင်းထိုက်(ထန်းတပင်)**

# လွိုင်လင်မြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်းဖွင့်

လွိုင်လင် ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အလက (၁)ကျောင်း ပန်းဟေဝန် ခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်ငါးရပ်ထဲမှ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်ရသည့်ပါတီအား နိုင်ငံတော် တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် မှန်ကန်သည့်မဲဆန္ဒရှင်စာရင်းများရရှိစေရန် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း ကောက်ယူရေးသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင်စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသားများမှ စိတ်ပါဝင်စားစွာသင်ယူပြီး မြေပြင်



စာရင်း ကောက်ယူကြရမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများ အောင်မြင်စေရန် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လွိုင်လင်မြို့နယ် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်က ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယမှာ ရှေးသခင်များအကြောင်း မမေ့စကောင်း



ဇာနည်ဘွား

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်သည်။ စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော ရှေးသခင်များအကြောင်းကို မမေ့စကောင်းပေ။

**သမိုင်းစာပေမှတ်တမ်းမှတ်ရာများ**

သို့ဆိုလင့်ကစား မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းခေတ်အတွင်းက တို့ဗမာအစည်းအရုံးဝင် သခင်များကို လွတ်လပ်ပြီးခေတ် နောက်ပိုင်းမှ လူလားမြောက်ခဲ့သော ကျွန်တော်တို့မျိုးဆက်များ အနေဖြင့်ကား များစွာအလှမ်းကွာဝေးလှပါသည်။ လက်လှမ်းမီသမျှ သမိုင်းစာပေမှတ်တမ်းမှတ်ရာ များမှတစ်ဆင့်သာ စူးစမ်းလေ့လာခဲ့ရသည်။

မှတ်မိပါသေးသည်။ တစ်နေ့ စာအုပ်အငှားဆိုင်မှ ငှားလာသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်၏ "ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်" စာအုပ်ကို ကျွန်တော်မြိန်ရည်ရှက်ရည် ဖတ်နေမိသည်။ အဖေသည် ကျွန်တော့်ကိုပြုံးပြုံးကြီး ကြည့်နေသည်။

ပြီးမှ .....

"မင်းဖတ်နေတဲ့စာအုပ်ထဲက ဗိုလ်မင်းခေါင်က ဂျပန်ခေတ်၊ ဖဆပလခေတ်က တို့အိမ်ကို မကြာမကြာ လာဖူးတယ်ကွ"

"အဖေနဲ့သိလို့လား"

"သိတာပေါ့။ ငါ့အစ်ကိုကြီးရဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေပဲ။ ဗိုလ်မင်းခေါင်တင်မကဘူး၊ ဦးကျော်ငြိမ်းတို့၊ ဗိုလ်အောင်ကြီးတို့၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်တို့လည်း မကြာမကြာ လာကြတယ်ကွ"

အဖေ၏အစ်ကို၊ ကျွန်တော့်ဘကြီးသည် နိုင်ငံတော်က လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) ချီးမြှင့်အပ်နှင်းခံရသူတစ်ဦးဖြစ်သည်ကိုမူ ကျွန်တော်သိသည်။ သို့သော် ထိုခေတ် ထိုအခါက လုပ်ငန်းသဘောသဘာဝအရ၊ ရင်းနှီးမှုအရ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် တို့ဗမာအစည်းအရုံးဝင် သခင်များ၊ ရဲဘော်သုံးကျိပ်ဝင်များ ဘကြီးထံသို့ မကြာခဏ ဝင်ထွက်သွားလာတတ်ကြသည်ကိုမူ ကျွန်တော်မသိချေ။ ယခုအဖေပြောမှ သိရတော့သည်။

ထို့နောက်ပိုင်းတွင် တို့ဗမာအစည်းအရုံးဝင် သခင်များကို ကျွန်တော်ပို၍စိတ်ဝင်စားလာမိသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ခေတ်ကာလနှင့် ဆက်စပ်သော စာအုပ်စာပေများကို စာအုပ်အငှားဆိုင်များတွင် ပို၍မွှေနှောက်လေ့လာဖတ်ရှု ဖြစ်ခဲ့သည်။

တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ခဲ့သူ သခင်ဘသောင်း၏ အတ္ထုပ္ပတ္တိစာအုပ်ထဲတွင် သခင်ဘသောင်းက တို့ဗမာအစည်းအရုံးနှင့် တို့ဗမာသီချင်းကို အခမ်းအနားနှင့် ဖွင့်ပွဲ၌ ဗမာစောနေထွက်ဟူသည့်အစဉ်အလာကို ရိုက်ချိုးသည့် အနေဖြင့် နံနက် ၈ နာရီတွင် ဖွင့်လှစ်မည့်အခမ်းအနားကို နာရီဝက်စောပြီး နံနက် ၇ နာရီခွဲတွင် ဖွင့်လှစ်ခဲ့သည်။ ထို့အတူ ဆရာကြီး သခင်ဘသောင်းသည် စပို့ရှပ်အင်္ကျီကို လွတ်လပ်ရေးရပြီးနောက်ပိုင်းမှသာ ဝတ်ဆင်လေ့ရှိသည်ဟူသော အမျိုးသားရေးခံယူချက်များကို သိရပြန်တော့ ထိုစဉ်က ဆယ်ကျော်သက်အရွယ် ကျွန်တော့်အဖို့ နတ်ကရာကျီးမေ့ ဖြစ်ရလေသည်။

သခင်တင်မြ၏ "ဘုံဘဝမှာဖြင့်" ဟူသော ကိုယ်တွေ့သမိုင်းစာအုပ်တွဲများကို ဖတ်ရှုမိပြန်တော့ သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်ဗဆွေ၊ သခင်နု၊ သခင်စိုး၊ သခင်သန်းထွန်းနှင့် ထိုထိုသော သခင်နိုင်ငံရေးသမားကြီးများ၊ ရဲဘော်သုံးကျိပ်ဝင်များ၏ ပုံရိပ်များကား အသစ်တစ်ဖန် ပြန်လည်နိုးထသက်ဝင်လာသည်။

"နောင်လာနောက်သား ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုးလုံးလုံးမပါ၊ ရဲရဲဗမာပီပီ ဗမာပြည် တို့ဗမာဖို့ပါ။ သခင်ကျင့်ကို ကျင့်ကြပါ။ သခင်မျိုးဟေ့ တို့ဗမာ။ မိုးအောက်မြေပြင်မှာ၊ အထက်တန်းစိတ်နဲ့ စာမရှိသွေး တို့ဗမာ ...

သံပြိုင် - (ကမ္ဘာမကြေ၊ ဗမာတတွေ၊ ဒါတို့ပြည်၊ ဒါတို့မြေ ဒါ ငါတို့ပြည်)၊၂

(ဒို့ဗမာ)၂ ပြည်ကို တိုင်းရင်းသားအကုန်အစင် တို့ပြည်လို့မှတ်ထင်၊

တို့ဝတ္တရားပင် တို့ဗမာခင်။

အမျိုးသားရေး ကြိုးပမ်းကြပါ တို့ဗမာ ... ဟေ့ တို့ဗမာ၊

ဩော် အမျိုးသားရေးကို ကြိုးပမ်းကြပါ တို့ဗမာ ... ဟေ့ တို့ဗမာ ...

အရှေ့က နေဝန်း ... ထွက်သည့်ပမာပ တို့ခေတ် ကိုရောက်ရမည်မှာ မလွဲပါ၊

တို့ ဗမာဟေ့ တို့ဗမာ၊ ဗမာပြည်တစ်ဝန်းအကုန် တို့အိမ်မှတ်ပါ၊

တို့ ယာမှတ်ပါ၊ အဲဒါ တို့ဗမာ ..."

**အမျိုးသားရေးစိတ်ဓာတ်များ**

ဝိုင်အမ်ဘီ ဆရာတင်၏ "တို့ဗမာ" သီချင်းသံသည် လွင့်ပျံလာသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရသည် အထက်မြန်မာနိုင်ငံကို နှစ်ပေါင်းခြောက်ဆယ်ကျော်၊ အောက်မြန်မာနိုင်ငံကို နှစ်ပေါင်း တစ်ရာကျော် အုပ်ချုပ်ခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့သည် မှစ၍ မြန်မာတိုင်းရင်းသားအပေါင်းသည် နယ်ချဲ့ကို ရရာလက်နက်စွဲကိုင်၍ တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်မှ အစပြု၍ အမျိုးသားရေးစိတ်ဓာတ်များက ပို၍နိုးကြားလာသည်။

၁၉၃၀ ပြည့်လွန် တို့ဗမာအစည်းအရုံးခေတ်သို့ ရောက်သောအခါတွင်မူ အမျိုးသားရေးစိတ်ဓာတ်များသည် အထွတ်အထိပ်သို့ ရောက်လာသည်။

"ဗမာပြည်သည် - တို့ပြည်
ဗမာစာသည် - တို့စာ
ဗမာစကားသည် - တို့စကား
တို့ပြည်ကို - ချစ်ပါ
တို့စာကို - ချီးမြှင့်ပါ
တို့စကားကို - လေးစားပါ"

ဟူသည့် တို့ဗမာအစည်းအရုံး၏ကြွေးကြော်သံဆောင်ပုဒ်သည် ပွဲတင်ထပ်မျှ တုန်ဟည်းလာသည်။

"ဗမာ(မြန်မာ)သည် တကောင်း အဘိရာဇာ သာကီမျိုး၊ တစ်ပါးကျွန် မဟုတ်ဘူး။ သခင်မျိုးဟေ့ တို့ဗမာ၊ တို့ခေတ်တွင်မှ ညှို့ကြတော့မှာလား"ဟူသည့် တို့ဗမာသီချင်း ရဲတင်းသံနှင့်အတူ မျိုးချစ်လူငယ်၊ ကျောင်းသားများသည် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်လာကြပြီး မိမိ၏နာမည်ရှေ့တွင် သခင်ဘွဲ့အမည်ခံယူလာကြသည်။

အစည်းအရုံးအဖွဲ့ဝင်အချင်းချင်းတွေ့ပါက တစ်ဦးက "သခင်မျိုးဟေ့" ဟုဆိုလျှင် တစ်ဦးက "တို့ဗမာ"ဟူ၍ လက်ရုံးတန်း ဟစ်ကြွေးနှုတ်ဆက်လေ့ရှိကြသည်။ သခင်များ၏ ဝတ်စုံမှာ ပင်နီချော၊ အချို့က ပင်နီကြမ်းဖျင်များကို ရှပ်အင်္ကျီနှင့် တိုက်ပုံချုပ်ပြီး ဝတ်ဆင်ကြသည်။ ပုဆိုးမှာ အများအားဖြင့် ရွှေတောင်၊ ပေါင်းတည်ပုဆိုးများ ဝတ်ဆင်တတ်ကြသည်။ တတ်နိုင်သူများက ယောပုဆိုးဝတ်ကြသည်။ ခြေနင်းဖိနပ်မှာ ကျိုက်ထိုဖိနပ်၊ မန္တလေးဖိနပ် စသည်များစီးကြပြီး ဦးထုပ်မှာ ဟသ်ာတဘက်ကလာသော ဝါးခမောက် ဖြစ်လေသည်။

**မြန်မာပြည်လွတ်လပ်ရေးရစေချင်**

ဆရာကြီး သခင်အောင်ဖေက "ကျွန်ုပ်တို့သည် သခင် နိုင်ငံရေးနယ်ထဲသို့ ဘာကြောင့် ဝင်ခဲ့ကြသနည်း။ ကျွန်ဖြစ်နေသည့် မြန်မာပြည်လွတ်လပ်ရေး ရစေချင်လို့ ကျရာတာဝန်ထမ်းဆောင်မည်ဆိုသော အားမာန်နှင့် သခင်အမည်ခံခဲ့ကြသည်။ ကျွန်တော်သည် သခင်အမည်ကိုခံယူသည့်နေ့မှစ၍ ၁၉၄၂ ခုနှစ် တို့ဗမာအစည်းအရုံးပျက်သည့်နေ့အထိ တို့ဗမာအစည်းအရုံးပေါ်၌လည်းကောင်း၊ ခေါင်းဆောင်များ အပေါ်၌လည်းကောင်း၊ ရဲဘော်ရဲဘက်များအပေါ်၌ လည်းကောင်း သစ္စာမဖောက်ခဲ့။ မဆန့်ကျင်ခဲ့။ ကျရာတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်ခဲ့သည် ချည်းဖြစ်၏"ဟု ရေးသားခဲ့လေသည်။

ထိုခေတ်က သခင်များကို သခင်ပေါက်စ၊ ထောင်ခြောက်လဟုဆိုခဲ့ကြသည်။ သခင် လူငယ်များကမူ "နောင်လာနောက်သား ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုးလုံးလုံးမပါ" ဟူသော တို့ဗမာသီချင်း စာသားသို့နှယ် မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးသည် ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ပါတီနှင့် ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို မွေးထုတ်ပေးခဲ့လေသည်။

**တို့ဗမာသီချင်း**

တို့ဗမာအစည်းအရုံးကိုစတင်ထူထောင်ခဲ့သူ သခင်ဘသောင်းက "တို့ဗမာသီချင်းကို သံကုန်ဟစ်ပြီး တစ်မျိုးသားလုံးက အင်္ဂလိပ်တို့ကို ကမ္ဘဝါလုပ်လိုက်တာနဲ့ တို့ဗမာသီချင်းကို ရွှေတိဂုံကုန်းတော်ပေါ်မှာ အခမ်းအနားနဲ့ဖွင့်လှစ်ပြီးလို့ အနှစ်နှစ်ဆယ်မပြည့်မီ တစ်ဆယ့်ရှစ်နှစ်လောက်အကြာ ၁၉၄၈ ခုနှစ်မှာ အင်္ဂလိပ်များဟာ သူတို့ရဲ့ယူနီယံဂျက်အလံကို ဣန္ဒြေရရဖြုတ်ချပြီး မြန်မာပြည်က ဆုတ်ခွာသွားကြပါတယ်။ အဲဒီအချိန်ကစပြီး မြန်မာအမျိုးသားများဟာ မိမိတို့၏ မူမှန်ဘဝ သခင်အမျိုးသားများ အဖြစ် ပြန်ရောက်လာကြပါတယ်"ဟု ပြန်ပြောင်းပြောဆိုခဲ့ပါသည်။

တို့ဗမာအစည်းအရုံးဝင် သခင်များအပါအဝင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တပ်ဦးမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို နိုင်ငံတော်အပိုင်းကလည်း မမေ့ပါ။ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်တွင် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း ခေတ်အလိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဟူ၍ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

တစ်ဖန် ၁၉၈၀ ပြည့်လွန်နှစ်များတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်ဆန့်ကျင်ရေးကဏ္ဍတွင် စွမ်းစွမ်းတမံပါဝင်ခဲ့ကြသူများကို နိုင်ငံတော်က "နိုင်ငံ့ဂုဏ်ရည်ဘွဲ့" အမည်ဖြင့် ခေတ်အလိုက်၊ အဆင့်အလိုက် ချီးမြှင့်အပ်နှင်းခဲ့ပြန်ပါသည်။ နိုင်ငံ့ဂုဏ်ရည်ဘွဲ့အမည်ကို ဦးဘိုးကျား၏ မြန်မာ့ဂုဏ်ရည် စာအုပ်ကိုအမှီပြု၍ သတ်မှတ်ခေါ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**"တို့ဗမာအစည်းအရုံးကိုစတင်ထူထောင်ခဲ့သူ သခင်ဘသောင်းက "တို့ဗမာသီချင်းကို သံကုန်ဟစ်ပြီး တစ်မျိုးသားလုံးက အင်္ဂလိပ်တို့ကို ကမ္ဘဝါလုပ်လိုက်တာနဲ့ တို့ဗမာသီချင်းကို ရွှေတိဂုံကုန်းတော်ပေါ်မှာ အခမ်းအနားနဲ့ဖွင့်လှစ်ပြီးလို့ အနှစ်နှစ်ဆယ်မပြည့်မီ တစ်ဆယ့်ရှစ်နှစ်လောက်အကြာ ၁၉၄၈ ခုနှစ်မှာ အင်္ဂလိပ်များဟာ သူတို့ရဲ့ယူနီယံဂျက်အလံကို ဣန္ဒြေရရဖြုတ်ချပြီး မြန်မာပြည်က ဆုတ်ခွာသွားကြပါတယ်။ အဲဒီအချိန်ကစပြီး မြန်မာအမျိုးသားများဟာ မိမိတို့၏မူမှန်ဘဝ သခင်အမျိုးသားများအဖြစ် ပြန်ရောက်လာကြပါတယ်"ဟု ပြန်ပြောင်းပြောဆိုခဲ့"**

စာမျက်နှာ ၁၉ သို့



## နမ့်စန်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုတ်ပျံကျေးရွာ ကုန်ထုတ်လမ်းနှင့် တံတားဖွင့်ပွဲကျင်းပ

နမ့်စန် ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်လစ်ကျေးရွာအုပ်စု ပုတ်ပျံကျေးရွာ ကုန်ထုတ်လမ်းနှင့် တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါလမ်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းက ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာသူ ကျေးရွာသားများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုး၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းတို့က အဆိုပါ ကုန်ထုတ်လမ်းနှင့် တံတားတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများက လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် အထိမ်းအမှတ် တံဆိပ်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

သူရအောင်(ပြန်/ဆက်)

## ညောင်လေးပင်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက် နည်းပြသင်တန်းဖွင့်

ညောင်လေးပင် ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ညောင်လေးပင်မြို့နယ် Working Group မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ မြို့နယ်အဆင့် နည်းပြသင်တန်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

### စုစုပေါင်း ၂၁၅ ဦး တက်ရောက်သင်ကြား

အဆိုပါ သင်တန်းတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ယင်းသင်တန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဦးဆောင်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) စက်မှုလယ်ယာစခန်းမှ ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲကို ဘိုးတော်ကုန်း ကျေးရွာအုပ်စု ရွှေပြည်



ကုန်းကျေးရွာရှိ တောင်သူ ဦးအုန်းလွင်၏ လယ်ယာမြေပေါ်၌ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

### ရှင်းလင်းပြောကြား

အဆိုပါ ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်၍ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိန်က ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကြံစိုက်စက်ဖြင့် စိုက်ပျိုးပါက တစ်ကေလျှင် ကြံမျိုး လေးတန်ခွဲ စိုက်ပျိုးနိုင်ပြီး တစ်ရက်လျှင် နှစ်ကေခွဲစိုက်ပျိုးပြီးစီးကြောင်း၊ ကြံအရွက်ခွာပြီး ကြံစိုက်ပျိုးရန်အတွက် စက်မောင်းတစ်ဦးနှင့် ကြံမျိုးပိုင်းထည့်ပေးသည့် လုပ်သားနှစ်ဦး စုစုပေါင်းလုပ်သား သုံးဦးသာ လိုအပ်သည့်အတွက် လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်သလို တောင်သူများအနေဖြင့် ကုန်ကျစရိတ် သက်သာပြီး အကျိုးအမြတ် ပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)

■ စာမျက်နှာ ၁၈ မှ

မျက်မှောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရခေတ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအတွင်း၊ ၁၉၆၃ ခုနှစ်မှ ၁၉၈၈ ခုနှစ် ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့ပြန်ပါသည်။ အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် လူပုဂ္ဂိုလ်များထဲတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလက စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၊ ကျွန်တော်လေးစားချစ်ခင်ရပါသော တစ်ချိန်က တို့ဗမာအစည်းအရုံးဝင်သခင်များ ပါဝင်လာခဲ့သည်ကိုတွေ့ရသည်။

ဆရာကြီး သခင်အောင်ဖေ၏ မိုးဂျာနယ်ပါ "ရှားပါးကုန်ပစ္စည်း"ဟူသော ဆောင်းပါးကို ကျွန်တော် ဖျတ်ခနဲ သတိရသွားသည်။

"သခင်များမှာ တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ ရှားနေပေပြီ။ ကျွန်ုပ်တို့ သခင်အမည်ခံခဲ့ကြ၏။ ယင်းသခင်အမည်ကို ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အထိသာ သခင်အမည်ခံလို့ရသည်။ ယခုသခင်အမည်ခံချင်၍မရတော့ပေ။ ဆိုကြပါစို့။ အနာဂတ်ကာလ၌ မောင်အောင်ဖေ၊ ကိုအောင်ဖေ၊ ဦးအောင်ဖေ၊ ဘအောင်ဖေဟူ၍ အမည်တပ်၍ရ၏။ ခေါ်၍ရ၏။ သခင်အောင်ဖေဟူ၍ မရနိုင်ပေ။ သခင်အမည်မှာ တစ်ဦးတည်းပိုင်ရုံး၌ ရီစစ္စတြီလုပ်ထားသကဲ့သို့ ဖြစ်၏။ (ဝါ) သခင်အမည်ကို နောင်အနာဂတ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ခေါ်ခွင့်မရတော့ပေ။ ဘာကြောင့်ဆိုသော် မြန်မာနိုင်ငံတော်ကြီးသည် ဘယ်သောအခါမှ သူ့ကျွန်မဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သခင်များကို ရှားပါးကုန်ပစ္စည်းကဲ့သို့ သဘောထားလျှင် ရနိုင်ပေသည်" စသည်ဖြင့် ရေးသားခဲ့ပါသည်။

မျက်မှောက်ကာလတွင်မူ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်ကာလက သခင်များသည် ရှားပါးကုန်ပစ္စည်းအဖြစ်သာမဟုတ်၊ သင်္ချိုင်းရတနာ... သဘောအရ မရှိတော့သလောက်ပင်။ ဆရာကြီးသခင်အောင်ဖေသည်ပင်လျှင် "ဩော်၊ ဘာလိုလိုနှင့် သက္ကရာဇ် ၂၀၀၀ တွင် ကျွန်ုပ်တို့ သခင်တွေရှိမှ ရှိကြပါဦးမည်လား"ဟူသည့် မိုးဂျာနယ်ပါ "သက္ကရာဇ် ၂၀၀၀ တွင်" ဆောင်းပါးသို့နှယ် ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ရရှာပြီ။

နောင်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်ကျိုးလုံးလုံးမပါဆိုသည့် "တို့ဗမာ" သီချင်းသို့နှယ် မြန်မာ့လွတ်လပ်ရေးအတွက် ကိုယ့်ကျိုးမဖက်သက်စွန့်ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြပါသော ရှေး "သခင်" များကို အောက်မေ့တမ်းတ လွမ်းရပါသည်။

အထူးသဖြင့် စိန်ရတုလွတ်လပ်ရေးနေ့အခါသမယတွင် ရှေး "သခင်" များအကြောင်း ပို၍ပင် မမေ့စကောင်းပါပေ။ ။

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး




### ရေချွေတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# အီရန်နိုင်ငံက ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ပြန်လည်ရှင်သန်ရေးဆွေးနွေးရန် တံခါးဖွင့်ထားဆဲဖြစ်




**တီဟီရန် ဒီဇင်ဘာ ၂၇**

အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ပြန်လည်ရှင်သန်ရေးဆွေးနွေးရန် တံခါးဖွင့်ထားဆဲဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆာကာနာနီ၏ ပြောကြားချက်ကိုကိုးကား၍ IRNA သတင်းအေဂျင်စီက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

နျူကလီးယားအရေးဆွေးနွေးရာတွင် အနောက်အုပ်စုနိုင်ငံများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါက သဘောတူညီချက်ပြန်လည်ရရှိနိုင်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

ပြီးခဲ့သည့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများအတွင်း အီရန်နှင့် ဆွေးနွေးဖက်နိုင်ငံများအကြား တိုးတက်မှုများရှိခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် အီရန်နိုင်ငံအတွင်း နျူကလီးယားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရှိခဲ့ခြင်းကို အကြောင်းပြု၍ အမေရိကန်က စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းသို့ လာရောက်ရန် ငြင်းဆိုနေသည်ကိုလည်း တွေ့ရှိရကြောင်း ကာနာနီက ပြောကြားသည်။

**နှောင့်နှေးစေ**

လက်ရှိအချိန်တွင် သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေသော်လည်း အမေရိကန်၏ အီရန်အပေါ် အပြုသဘောမဆောင်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်နေခြင်းက နျူကလီးယားအရေးသဘောတူညီချက်ရရှိရန် နှောင့်နှေးစေသည်ဟု ၎င်းက ပြောကြားသည်။ အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အနောက်အုပ်စုနိုင်ငံများနှင့် နျူကလီးယား သဘောတူညီချက်ရရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံက ၎င်းသဘောတူညီချက်မှ နုတ်ထွက်ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ




# တရုတ်နိုင်ငံက ကမ္ဘာမြေစူးစမ်းလေ့လာရေးဂြိုဟ်တုသစ် လွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံသည် ကမ္ဘာမြေ စူးစမ်းလေ့လာရေးဂြိုဟ်တုသစ်တစ်လုံးကို တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်မြောက်ပိုင်းရှိ တိုင်ယွမ် ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ ဒီဇင်ဘာ ၂၇ ရက် ပေကျင်းစံတော်ချိန် မွန်းလွဲ ၃ နာရီ ၃၇ မိနစ်အချိန်တွင် လွှတ်တင်ခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ Gaofen-11 04 အမည်ရှိ ကမ္ဘာမြေစူးစမ်းလေ့လာရေးဂြိုဟ်တုကို Long March-4B သယ်ဆောင်သည့် ဒုံးပျံပေါ်မှ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်ထားသည့် ပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းကမ္ဘာမြေစူးစမ်းလေ့လာရေးဂြိုဟ်တုကို မြေယာအရင်းအမြစ်များအား ကွင်းဆင်းစစ်ဆေးခြင်း၊ မြို့ပြစီမံကိန်း၊ လမ်းကွန်ရက်ဒီဇိုင်း၊ သီးနှံအထွက်နှုန်းခန့်မှန်းချက်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်း စသည့်နယ်ပယ်အသီးသီးတွင် အသုံးပြုသွားရန် စီစဉ်ထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# ဖိလစ်ပိုင်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၃ ဦးရှိလာ

**မနီလာ ဒီဇင်ဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် သေဆုံးသူစုစုပေါင်း ၁၃ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအေဂျင်စီက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုတို့ကြောင့် လက်ရှိအချိန်အထိ ၂၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

**သေဆုံးခဲ့ခြင်းဖြစ်**

ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ၏ ပြောကြားချက်အရ ရေကြီးရေလျှံမှုကြောင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှ ရှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းမှ နှစ်ဦးနှင့် လူဇုန်ကျွန်းပေါ်ရှိ ဘီကိုးလ်ဒေသမှ သုံးဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသူများမှာ ဘီကိုးလ်ဒေသမှ ရှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းမှ ၁၂ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှ သုံးဦးဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားခဲ့ပြီး အခြားသောခြောက်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**နေအိမ်များ၌ ယာယီနေထိုင်လျက်ရှိ**

ရေကြီးရေလျှံမှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ဒေသခြောက်ခုတွင် ပြည်သူ ၁၇၀၀၀၀ နီးပါး ရွှေ့ပြောင်းခဲ့ရကြောင်း၊ ရွှေ့ပြောင်းခဲ့ရသူများအနက် ၄၅၀၀၀ သည် အစိုးရ၏ ခိုလှုံရေးစခန်းများ၌ ခိုလှုံနေရပြီး အခြားသူများမှာ ၎င်းတို့၏ ဆွေမျိုးများ၏ နေအိမ်များ၌ ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကြောင့် လူနေအိမ် ၅၃၄ အိမ်သည် လုံးဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးမှုရှိခဲ့ကြောင်းနှင့် လမ်း ၁၅ လမ်းနှင့် တံတား သုံးစင်း ပျက်စီးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်





# တရုတ်နိုင်ငံ သုတေသီများက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဒရုန်းယာဉ်စနစ် တီထွင်

**ပေကျင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံမှ သုတေသီများသည် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန်လိုအပ်သည့် လူနာများအတွက် လိုအပ်သည့် ဆေးသေတ္တာအပါအဝင် ဆေးပစ္စည်းကိရိယာများ ပေးပို့နိုင်သည့် ဒရုန်းယာဉ်စနစ် (an Unmanned Aerial Vehicle (UAV)-Mediated First-aid System for Targeted delivery (uFAST)ကို တီထွင်နိုင်ခဲ့ကြောင်း သိရသည်။

အရေးပေါ်ကုသရန်လိုအပ်သည့် လူနာများအတွက် အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် ဆေးဝါးများရရှိခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့မဆောင်ရွက်နိုင်ပါက လူ့အသက်များကို ထိခိုက်ဆုံးရှုံးနိုင်သည်။ ၎င်းဒရုန်းယာဉ်မှာ စွမ်းဆောင်ရည်မြင့်မားပြီး ဇီကျန်းတက္ကသိုလ်မှ သုတေသီများက သရုပ်ပြမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ ယင်းဒရုန်းယာဉ်များ၌ ခန္ဓာဗေဒဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကိရိယာများကို တပ်ဆင်အသုံးပြုနိုင်ရန် မျှော်လင့်ထားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# လာအိုနိုင်ငံ၌ ပြည်ပခရီးသည်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးမည့် စည်းကမ်းချက်များ ရုပ်သိမ်း

**ဗီယင်ကျန်း ဒီဇင်ဘာ ၂၇**

လာအိုနိုင်ငံအတွင်းသို့ ရောက်ရှိလာမည့်ပြည်ပခရီးသည်များအား အနည်းဆုံး ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးမည့် စည်းကမ်းချက်များကို ရုပ်သိမ်းလိုက်ကြောင်း လာအိုအစိုးရက ကြေညာခဲ့သည်။

**အပြည့်အဝထိုးနှံရန် လိုအပ်တော့မည်မဟုတ်**

လာအိုနိုင်ငံအတွင်းသို့ လာရောက်မည့် ပြည်ပခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ အပြည့်အဝထိုးနှံရန် လိုအပ်တော့မည်မဟုတ်ကြောင်း သိရသည်။

လာအိုအစိုးရ၏ ယခုကြေညာချက်သည် ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့် လာအိုနိုင်ငံသားများနှင့် လာအိုနိုင်ငံအတွင်းသို့ လာရောက်မည့် ပြည်ပခရီးသည်များအတွက် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာပေးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

လာအိုနိုင်ငံအစိုးရသည် နယ်စပ်ဒေသများကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ရာမှ မေလအတွင်းက ပြန်လည်ဖွင့်လှစ်ခဲ့သည်။ လာအိုနိုင်ငံ၌ ပထမဆုံး ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကို ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၆-၁၂-၂၀၂၂ ရက်မှအဆက်

ကိုဘခက် မကျေမချမ်းသည်ကို 'မ' က ဖြေဖျောက်၍ ပေးလိုသည်။ သို့သော် ပညာနှင့် ပတ်သက်လာသောကိစ္စကို 'မ' အနေနှင့် မပြောလိုချေ။

ကိုယ်က ဆရာလုပ်သည့်အဖြစ်ကိုလည်း ရောက်မှာစိုးမိသည်။ ထို့ကြောင့် ရုတ်တရက် ဘာမှမပြောဘဲ ကိုဘခက်၏ပခုံးကို ပွတ်သပ်၍နေမိတော့သည်။

ကိုဘခက်က 'မ' လက်တစ်ဖက်ကိုဆွဲ၍ သူ့ဘေးတွင် ထိုင်လိုက်စေသည်။

'မ' မျက်နှာကို မြင်လိုက်ရပြန်တော့လည်း စောစောကဒေါသစိတ်တို့သည် အလိုလို လွင့်စဉ်သွားတော့သည်။

"ကိုယ် အတတ်နိုင်ဆုံး အလျှော့ပေးပါတယ် 'မ' ရယ်။ အလုပ်လည်း ဖြစ်ချင်ပါတယ်။ ဒါပေမဲ့ ပညာကိုစော်ကားတဲ့အထိတော့ ကိုယ် အလျှော့မပေးနိုင်ဘူး။ ဒါတွေနဲ့ပတ်သက်ပြီး 'မ' ဘယ်လိုမှ မအောက်မေ့စေချင်ဘူး။ ကိုယ့်ကို ခွင့်လွှတ်စေချင်တယ်"

ကိုဘခက်က လှိုက်လှိုက်လှဲလှဲ တောင်းပန်လိုက်ပြန်တော့လည်း 'မ' မှာ ရင်ထုမနာ ဖြစ်မိရတော့သည်။

"'မ' အတွက်ကြောင့်တော့ မောင့်ရဲ့ပညာကို အလျှော့မပေးပါနဲ့။ ထမင်းတစ်လုတ်အတွက်လောက်တော့ 'မ' သင်ထားတဲ့ကျောင်းပညာနဲ့ ရှာလို့ရပါတယ်"

ကိုဘခက်က 'မ' ပါးကလေးကို အသာဆွဲ၍ သူ့ပါးဖြင့် ကပ်ထားလိုက်သည်။

"'မ' စေတနာကို ကိုယ်နားလည်ပါတယ် 'မ' ရယ်။ ဒါပေမဲ့ အရာရာကိုစွန့်လွှတ်ပြီး ခုန်ဆင်းလာတဲ့ 'မ' အတွက် တာဝန်မယူနိုင်ရင် ကိုယ့်ဘဝဟာ ဘယ်လောက်တောင် ရှက်ဖို့ကောင်းတယ်ဆိုတာ စဉ်းစားကြည့်ပါ။ လောကဓံမီးရဲ့ ပူပြင်းတဲ့ဒဏ်ကို ခံစရာရှိရင် ကိုယ်ပဲခံမယ်။ 'မ' ကိုတော့ ကိုယ့်အရိပ်အောက်မှာ ခိုစေချင်တယ်။ ကိုယ့်စေတနာကိုတော့ 'မ' ယုံစေချင်တယ်"

'မ' သည် ကိုဘခက်၏ရင်ပြင်တွင် သူ့မျက်နှာကို အပ်၍ထားလိုက်သည်။

ပြီးမှ တုန်ယင်လှိုက်လှဲသောအသံဖြင့် မပွင့်တပွင့် ညည်းလိုက်ရှာသည်။

"'မ' အတွက် မောင့်ရဲ့အနုပညာကို ထိခိုက်မှာတော့ 'မ' အကြောက်ဆုံးပဲ။ 'မ' ကိုချစ်ရင် 'မ' အတွက် ငဲ့ကွက်ပြီးတော့ မောင့်ပညာကိုတော့ အလျှော့မပေးပါနဲ့မောင်။ မောင့်ရင်ခွင်တွင်းကို ဆင်းလာကတည်းက 'မ' ဟာ အရာရာကိုစွန့်လွှတ်မယ်၊ ကျရောက်လာသမျှ လောကဓံရဲ့ဒဏ်ချက်ကို မငြိုမငြင်ခံမယ်ဆိုတာ ဆုံးဖြတ်ထားပြီးသားပါ မောင်။ 'မ' လေ မောင့်ရဲ့ပါရမီကို ဖြည့်တင်းနိုင်တဲ့ မယားကောင်းတစ်ယောက်ဘဝကိုရရင်ပဲ ကျေနပ်လို့မဆုံးတော့ပါဘူး"

"တော်ပါတော့ 'မ' ရယ်၊ 'မ' ဆီက ဒီလိုစကားမျိုးကြားရတော့ 'မ' ကိုချစ်တဲ့ ကိုယ့်အချစ်ဟာ ရင်ထဲမှာ မဆံ့နိုင်တော့ဘဲ ပွင့်ထွက်သွားလိမ့်မယ်"

'မ' သည် ဘာမျှပြန်၍မပြောတော့ဘဲ ကိုဘခက်ကိုသာ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်မိတော့သည်။

ကိုဘခက်ကလည်း 'မ' ၏ သေးသွယ်သော ခါးကလေးကို ရစ်သိုင်း၍ ဖက်ထားလိုက်သည်။

ချစ်မေတ္တာ၏မှတ်ကျောက်သည် ဘဝအကျပ်အတည်းအတွင်းမှ အတူရုန်းကန်ရင်း သိသာထင်ရှားစေမည်ကို ကိုဘခက်နှင့် 'မ' တို့ကိုယ်တိုင် ယုံကြည်စွဲမြဲထားပြီးဖြစ်ကြောင်းကား ယုံမှားသံသယ ရှိစရာမလိုတော့ချေ။

[ ၂၃ ]

ဦးကျော်ဒင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ 'မ' မှာ ထိတ်လန့်အံ့သြမိသည်။ ဦးကျော်ဒင်၏မျက်နှာကား ပကတိ တည်ငြိမ်လှသည်။

'မ' ကို ကြင်နာသောမျက်လုံးများဖြင့် အတန်ကြာမျှ စိုက်ကြည့်နေသည်။

ပြီးမှ ရွှင်လန်းအားရစွာ ပြုံးလိုက်သည်။

'မ' သည် ဦးကျော်ဒင်ကိုကြည့်၍ မှင်တက်မိတော့သည်။ လက်ထဲမှ ချုပ်လက်စ ကိုဘခက်၏ လုံချည်စတစ်ဖက်ကိုသာ ဆုပ်၍ထားရင်း ကြောင်၍ ကြည့်နေမိတော့သည်။

ဦးကျော်ဒင်ကမူ 'မ' ကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီးလျှင် တစ်ခန်းလုံးကို အကဲခတ်ကြည့်နေလိုက်သည်။

'မ' တို့နေသော အခန်းကျဉ်းကလေးကို မြင်လိုက်ရကတည်းကပင် ဦးကျော်ဒင်၏ရင်ထဲ၌ကား ဆို့နင့်၍သွားတော့သည်။ 'မ' စိတ်မချမ်းသာမည်စိုး၍သာ ဟန်ဆောင်နေရသည်။

"ဦးကျော်ဒင်ကို မမျှော်လင့်ဘဲတွေ့လိုက်ရသောအခါ 'မ'မှာ ထိတ်လန့်အံ့သြမိသည်။ ဦးကျော်ဒင်၏မျက်နှာကား ပကတိတည်ငြိမ်လှသည်။ 'မ'ကို ကြင်နာသောမျက်လုံးများဖြင့် အတန်ကြာမျှ စိုက်ကြည့်နေသည်။ ပြီးမှ ရွှင်လန်းအားရစွာပြုံးလိုက်သည်။ 'မ'သည် ဦးကျော်ဒင်ကိုကြည့်၍ မှင်တက်မိတော့သည်။ လက်ထဲမှ ချုပ်လက်စ ကိုဘခက်၏ လုံချည်စတစ်ဖက်ကိုသာ ဆုပ်၍ထားရင်း ကြောင်၍ ကြည့်နေမိတော့သည်။ ဦးကျော်ဒင်ကမူ 'မ'ကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီးလျှင် တစ်ခန်းလုံးကို အကဲခတ်ကြည့်နေလိုက်သည်။ 'မ' တို့နေသော အခန်းကျဉ်းကလေးကို မြင်လိုက်ရကတည်းကပင် ဦးကျော်ဒင်၏ရင်ထဲ၌ကား ဆို့နင့်၍သွားတော့သည်။"

သမီး၏ သိမ်ငယ်သောဘဝကို မြင်ရတော့လည်း ကိုယ့်စိတ်ကို ဖြေ၍မရနိုင်အောင် ရှိတော့သည်။ အခြေအနေချင်းက နှိုင်းစာတော့လည်း ကွာခြားလွန်းလှသည်။ ခုနစ်ဆောင်အိမ်တွင် မပင်ပန်း မနွမ်းမနယ် တင့်တောင့်တင့်တယ် နေခဲ့ရသည့်ဘဝမှ ယခုလို ထရံကာ ဆယ်ပေအခန်းကျဉ်းကလေးတွင် ဆင်းရဲညှိုးနွမ်းစွာ နေရသည့်အဖြစ်ကို မြင်ရတော့ စိတ်ထဲတွင် တွေးတိုင်း ထိခိုက်မိသည်။

ဖခင်၏မျက်နှာကို မြင်ရုံမျှနှင့် 'မ' က ရိပ်မိပြီးဖြစ်သည်။ ထို့ကြောင့်လည်း 'မ' က မျက်နှာကို အတတ်နိုင်ဆုံး ရွှင်ရွှင်လန်းလန်းထား၍ ဖခင်အပါးတွင် ရပ်လိုက်သည်။

"မောင်ဘခက်တစ်ယောက်ရော သမီး"

ဦးကျော်ဒင်သည် တည်ငြိမ်သောအသံဖြင့် တစ်လုံးချင်းမေးလိုက်သည်။

"အလုပ်သွားပါတယ်။ ရုပ်ရှင်သီချင်းတွေသွင်းဖို့ ခြံထဲသွားပါတယ်။

"အလုပ်အကိုင်ရော နေရာကျပုံရရဲ့လား"

'မ' သည် ရုတ်တရက် ပြန်၍မဖြေဘဲ စဉ်းစားနေလိုက်မိသည်။ မိဘကို မုသားလည်းမသုံးလို။

အမှန်အတိုင်းပြောလျှင်လည်း ဖခင် စိတ်မချမ်းသာမည်ကိုလည်း စိုးရိမ်မိသည်။

"အစဆိုတော့လည်း မောင့်ပညာကို လူတွေက မသိကြသေးဘူးပေါ့ ဖေဖေ။ ခုတော့ မိတ်ဆွေ အသိုက်အဝန်း အဆက်အသွယ်တွေလည်း ရလာပါပြီ။ ရေဒီယိုက အပတ်စဉ်အသံလွှင့်လို့ သူ့သီချင်းတွေလည်း လူသိများလာပါပြီ"

ဦးကျော်ဒင်သည် အက်ကွဲသောအပြုံးဖြင့် ခေါင်းကိုညိတ်လိုက်ရင်း မီးဖိုခန်းဆီသို့ လျှောက်ခဲ့သည်။ မီးဖိုခန်းမှ အိုးခွက်များကို အကဲခတ်လိုက်သည်။

ဟင်းအိုးများကို လှန်လှော၍ မသိမသာကြည့်လိုက်သည်။

အသားဟင်းဆိုသော်လည်း ဆီပြန်မဟုတ်။

အရည်ကျဲကျဲနှင့် နည်းနည်းသာ ချက်ထားသည်ကို မြင်လိုက်ရသည်။

"ဟင်းတွေဘာတွေ သမီးကိုယ်တိုင် ချက်ရသလားဟင်"

ဦးကျော်ဒင်သည် အိမ်ရှေ့ခန်း၌ ပြန်ထိုင်ရင်း 'မ' ကို ကရုဏာလွှမ်းသောမျက်လုံးများဖြင့် တွေတွေကြီး စိုက်ကြည့်နေသည်။

"ငါ့သမီး သိပ်ပြီးပင်ပန်းမှာပဲနော်"

ဦးကျော်ဒင်က မချီတင်ကဲပြောလိုက်သဖြင့် 'မ' မှာ ဖခင်အတွက် ဝမ်းနည်းမိရပြန်သည်။

"မိန်းမသားတွေရဲ့ အဆင့်အတန်းဆိုတာ လင်ကို အခါမလပ် လုပ်ကျွေးပြုစုခြင်းပါပဲ ဖေဖေ။ လင်သားကိုပြုစုရတာ သမီး ပင်ပန်းတယ်လို့မထင်ပါဘူး ဖေဖေ။ လူပင်ပန်းတယ်ထင်ပေမယ့် သမီးစိတ်ထဲမှာတော့ ဒီပင်ပန်းမှုကိုပဲ ကြည်နူးစရာလို့ ခံစားရပါတယ်"

"ဖေဖေသာခုခေါ်ပါတယ် သမီး။ သမီးအဖို့မှာတော့ သံယောဇဉ်အသစ်တိုးလို့ ဖြေသိမ့်နိုင်ပေမယ့် ဖေဖေမှာတော့ မပြတ်နိုင်တဲ့သံယောဇဉ်က ဝေးကွာဆုံးရှုံးရတဲ့အတွက် မဖြေနိုင်ဘူး။ ခုလာတာ ဒီစိတ်နဲ့ လာခဲ့တာပဲ။ အစကတော့ ဒီသံယောဇဉ်တွေအတွက် စိတ်ဆင်းရဲမခံတော့ပါဘူး။ အပင်ပန်းမခံတော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ ပုထုဇဉ်တွေကိုးကွယ့်၊ တကယ်ပြတ်နိုင်ဖို့က အခက်သားကလား။ ဒါကြောင့် ဖေဖေလာခဲ့တာ။ သမီးထွက်သွားကတည်းက မောင်အေးကို ချော့မေးလို့ သမီးတို့နေရာကို ဖေဖေသိပါတယ်။ ဒါပေမဲ့ သမီးတို့ အနှောင့်အယှက်ဖြစ်မှာစိုးလို့လည်းတစ်ကြောင်း၊ မိဘအပေါ်တောင် သံယောဇဉ်ပြတ်နိုင်တဲ့ သမီးကလေးပါလားလို့တွေးပြီး နာကြည်းတာကတစ်ကြောင်း မတွေ့တော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ခုတော့ အသက်ကြီးလေ တွယ်တာဖို့အချိန်က လျော့နည်းလာတော့ ပိုတွယ်တာရလေပဲ။ သမီးကို တစ်ခုကူညီပါရစေ၊ ဒီစေတနာကိုလက်မခံရင်တော့ ယူကျုံးမရဖြစ်ရလိမ့်မယ်"

ဦးကျော်ဒင်၏မျက်လုံးများသည် တောက်ပ၍နေတော့သည်။ အသံက အက်ကွဲလာသည်။

'မ' သည် တဆတ်ဆတ်တုန်နေသော ဦးကျော်ဒင်၏လက်ထဲမှ ရာတန်အထပ်လိုက်ကိုမြင်ရသောအခါ မတည်တံ့နိုင်တော့ချေ…။

ခေါင်းကိုသာ တွင်တွင်ယမ်း၍ ရှိုက်ကြီးတငင် ငိုလိုက်မိလေတော့သည်။

"သမီး ဖေဖေတို့ကို နောက်ထပ်ဒုက္ခမပေးပါရစေနဲ့ ဖေဖေ…ဒီငွေတွေကိုလည်း မယူပါရစေနဲ့ ဖေဖေ။ သမီးကိုခွင့်လွှတ်ပါ"

ဦးကျော်ဒင်သည် ရာတန်ငွေစက္ကူများကို လုံးထွေးဆုပ်ကိုင်လိုက်ပြီးလျှင် 'မ' လက်ထဲသို့ အတင်းထိုးထည့်နေတော့သည်။ 'မ' က ဦးကျော်ဒင် လက်ကို ဆီး၍ကာလိုက်ရှာလေသည်။

"ဖေဖေ တစ်ခုပြောပါရစေ သမီးရယ်၊ ကျန်တဲ့ သမီးတွေရဲ့ မင်္ဂလာအခမ်းအနားဆိုရင် ဒီမျှမက ငွေကုန်ခံရတယ်ဆိုတာ သမီးသိပါတယ်။ သမီး မင်္ဂလာကိစ္စမှာ သဘောမတူတာတောင် နောက်ဆုံး မိဘဝတ္တရားအတိုင်းတော့ ဆောင်ရွက်ပေးသင့်တယ် မဟုတ်လား။ ဒါပေမဲ့ ဖေဖေ့စေတနာဟာ အများအားကို မလွန်ဆန်နိုင်ခဲ့ဘူး၊ နောက်ဆုံး ဖေဖေ မပြောရက်ပေမယ့် တစ်နေ့ သမီးသိမှာမို့ ပြောခဲ့မယ်။ သမီးဟာ ဖေဖေတို့ရဲ့အကျိုးစီးပွားကို တစ်သက်လုံး ဆက်ခံနိုင်ခွင့်မရှိတော့ဘူး။ သမီး မေမေနဲ့ အစ်မက အတိအလင်း ကြေညာလိမ့်မယ်။ ခုလည်း သမီးမေမေတို့မသိအောင် ဖေဖေ့အိတ်ထဲက ငွေကို လာပေးတာ။ ဖေဖေ့ကိုချစ်ရင် လက်ခံပါ သမီးရယ်"

မမျှော်လင့်သောသတင်းကို ကြားလိုက်ရသဖြင့် 'မ' ရင်ထဲတွင် မီးခဲကိုမျိုလိုက်ရသလို ပူလောင်မိလေသည်။

တစ်သက်လုံး ချစ်ခင်ရိုသေလာခဲ့ရသော မိဘ၏ စွန့်ပစ်မှုကို ခံရပြန်တော့လည်း ဝမ်းနည်းကြေကွဲ၍ မဆုံးနိုင်အောင်ရှိတော့သည်။ 'မ'သည် ဦးကျော်ဒင်၏ရင်ခွင်တွင်းသို့ မျက်နှာကိုမှောက်ကာ စိတ်ရှိလက်ရှိ ငိုလိုက်မိတော့သည်။

"'မ' ကို ဒါလောက်တောင် စိတ်နာနေကြပြီလား။ အခု 'မ' ကို သေခန်းဖြတ်ကြတော့မယ်ပေါ့။ 'မ' လေ ဖေဖေကြီးတို့ဆီက အကျိုးခံစားခွင့်ကို ဘာမှ မမျှော်ကိုးပါဘူး။ အမွေလည်း မလိုချင်ပါဘူး။ 'မ' ကို သမီးတစ်ယောက်လိုမှ သဘောမထားနိုင်လောက်အောင် သံယောဇဉ်ဖြတ်လိုက်တာကိုတော့ 'မ' ဝမ်းနည်းတယ် ဖေဖေ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၇၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၉၉,၃၇၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၆၂၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၈,၂၅၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၂)ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ထန်းတပင်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူ ကြီးကြပ်ရေးကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်သင်တန်း ဖွင့်လှစ်

ထန်းတပင်(ပဲခူး) ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်(Working Group) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူ ကြီးကြပ်ရေးကော်မတီ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းကို ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်းကောက်သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်းက မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးထိန်ဝင်းနှင့် နည်းပြအဖွဲ့ဝင်များက သင်တန်းသို့ တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအား မြေပြင်ရှိနှင့် အိမ်ထောင်စုလူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်းရှိ အိမ်ထောင်စုလူဦးရေ တစ်ခုချင်းစီအား မှန်ကန်သောစာရင်းရရှိရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်း လမ်းညွှန်ချက်များအား ဟောပြောဆွေးနွေးပို့ချခဲ့သည်။

ထန်းတပင်မြို့နယ်အတွင်း လူဦးရေစာရင်းမှန်ကန်စေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်း ကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်ကြီးကြပ်မှုကော်မတီ ရပ်ကွက်/ကျေးရွာအုပ်စုကြီးကြပ်မှုကော်မတီက ဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်စု စာရင်းကောက်အဖွဲ့များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ငူ၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ငူ ဒီဇင်ဘာ ၂၇

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးတွင် တောင်ငူတပ်နယ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွှန့်က အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်က ဆပ်ကော်မတီအလိုက်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ခံများက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနား စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ အားကစားပြိုင်ပွဲများ ပြုလုပ်မည့် အစီအစဉ်များ၊ ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပြီးစီးမှုများ၊ ဌာနဆိုင်ရာများ၏ အထိမ်းအမှတ်ပြခန်းများ၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးကြရာ တောင်ငူတပ်နယ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွှန့်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပြန်လည်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေး သင်တန်းဖွင့်ပွဲကျင်းပ

လှည်းကူး ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက လှည်းကူးအခြေခံပညာအထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လှည်းကူးခရိုင် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်ကြားပို့ချမှုများကို ဂရုတစိုက်လေ့လာမှတ်သားကြရန် အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးညီဇော်ဌေးက မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းဇယားများ တိကျမှန်ကန်စေရေး စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ လှည်းကူးမြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၄၉၁ ဦး တက်ရောက်ကြပြီး ခရိုင်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ဘီးလင်းမြို့နယ် အထက(ခွဲ) နှင်းပုလဲကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ဘီးလင်း ဒီဇင်ဘာ ၂၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပညာရေးဌာနနှင့် ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက အထက (ခွဲ) နှင်းပုလဲကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘီးလင်းမြို့နယ် အထက(ခွဲ) နှင်းပုလဲကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အထက(ခွဲ) နှင်းပုလဲမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်ရေးရာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုပြောကြားခြင်း၊ ပြန်လည်ဖြေကြားခြင်းတို့ကို ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အထက(ခွဲ) နှင်းပုလဲကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃၂/၂၀၂၂ ဖြင့် **ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ်**ကို **ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန)**အား ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူး လှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊**
**အရာထမ်း၊ အမှုထမ်းမိသားစုများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ စွယ်တော်ရိပ်သာ(၁)ရပ်ကွက်၊ မြေကွက်အမှတ်(၂၀၁မှ ၂၆၅ထိ)၊ စွယ်တော်စီတီးအိမ်ရာဝင်းအတွင်းရှိ Building No.A၊ RC(၈)ထပ် အဆောက်အဦ၏(၈လွှာ)အခန်း၊ အခန်းအမှတ်(၈၀၂)၊ ဧရိယာ(၁၂၆၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော GRAND STYLE ကုမ္ပဏီလီမိတက်(ကိုယ်စား)(ဒါရိုက်တာ)ဦးမြတ်သူ[၁၂/ဒဂန(နိုင်)၀၁၅၈၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလင်းကျော်ထင်[၁၂/မရက(နိုင်)၁၀၅၁၅၉]၊ ဒေါ်မိုးသီတာညွန့်လွင်[၁၂/ဥကတ(နိုင်) ၁၅၁၂၇၉]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလင်းကျော်ထင်၊ ဒေါ်မိုးသီတာညွန့်လွင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph:-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊ (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**❂ ကျောဖုံးမှ**

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)ရှိ ရေကန်များ သာယာလှပရေး၊ စိမ်းလန်းစိုပြည်စေရေး၊ အကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ မရှိစေရေးနှင့် ရေကန်များ ရေဝင်ရေထွက်ကောင်းမွန်စေရေးစသည့် ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**○ ဝက်စ်ဟမ်းအသင်းမှ**

အာဆင်နယ်အသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ၁၅ ပွဲကစားပြီးချိန်မှာ ရမှတ် ၄၀ နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပြီး နယူးကာဆယ်အသင်းကလည်း လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့လို့ အမှတ်ပေးဇယား ဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းက ဒီဇင်ဘာ ၂၈ ရက်မှာ လိဒ်ယူနိုက်တက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး လက်ရှိအချိန်မှာ အာဆင်နယ်အသင်းနဲ့ ရှစ်မှတ်ကွာအနေအထားမှာ ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းကတော့ အာဆင်နယ်အသင်းကိုရှုံးနိမ့်ခဲ့လို့ တန်းဆင်းဇုန်ရဲ့အထက် တစ်မှတ်အသာနဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၁၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

**❁ AFF Cup ပြိုင်ပွဲမှ**

ရလဒ်ကောင်းရရှိခဲ့သော်လည်း လာအိုအသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ စင်ကာပူအသင်းအတွက် အနိုင်ဂိုးများကို ၃၂ မိနစ်တွင် အီဖန်ဖန်ဒီ၊ ၉၀+၄ မိနစ်တွင် ရှာဝယ်တို့က သွင်းယူခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ နာမည်ကြီး ချန်ပီယံဟောင်း ဗီယက်နမ်အသင်းသည် အိမ်ကွင်းတွင် မလေးရှားကို ဂိုးပြတ်အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် ငုယင်သီလင်၊ ၆၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကွမ်ငိုဟိုင်၊ ၈၃ မိနစ်တွင် ဟောင်ဒူငုယင်တို့က သွင်းယူခဲ့သည်။ ယခုပွဲတွင် ဗီယက်နမ်နှင့် မလေးရှားအသင်းတို့မှ ကစားသမားတစ်ဦးစီ ထုတ်ပယ်ခံခဲ့ရသည်။

ယခုပွဲအပြီးတွင် အုပ်စု (B) ၌ ဗီယက်နမ်နှင့် စင်ကာပူအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ရရှိထားပြီး နှစ်ပွဲကစားထားသည့် မြန်မာနှင့် သုံးပွဲကစားထားသည့် လာအိုအသင်းတို့မှာ အမှတ်မရသေးပေ။

**ကိုညီလေး**

## ဖျာပုံမြို့၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ခရိုင်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှကြီးမှူး၍ အိမ်ထောင်စုလူဦးရေစာရင်းမြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဖျာပုံမြို့ အထက(၁)ကျောင်းခန်းမအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြောကြား

သင်တန်းဖွင့်ပွဲတွင် ခရိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လင်းက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးနိုင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူ ၅၂၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၀၇

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်-၇၆(ဒါဘာ-ခေါင်းရင်းခန်း)တွင် နေထိုင်သူ ဒေါ်သိင်္ဂီကျော်ဝင်း မှတ်ပုံတင်အမှတ် [၁၄/အမန(နိုင်)၁၁၁၈၀၁] ကိုင်ဆောင်သူမှ အောက်ပါအတိုင်း လွှဲအပ်ညွှန်ကြားအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိင်္ဂီကျော်ဝင်းသည် အမှတ်(၇၆)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ သုံးထပ်ခွဲတိုက်၏ အပေါ်ဆုံးထပ် ဒါဘာ(ခေါင်းရင်းခန်း)အား (၂၂-၁-၂၀၁၃) ရက်တွင် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် မြေအမည်ပေါက်သူ ဒေါ်စန်းရီ(ခ) ဒေါ်ဝဲထံမှ ၎င်းပိုင်ဆိုင်သော တိုက်ခန်းဖြစ်သော သုံးထပ်ခွဲတိုက်၏ အပေါ်ဆုံးထပ် ဒါဘာ (ခေါင်းရင်းခန်း)အား အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချသူမှ ဥပဒေအရ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသဖြင့် ယုံကြည်သောကြောင့် ထိုနေ့တွင် ရောင်းဖိုးငွေပေးချေ၍ ဝယ်ယူခဲ့ခြင်းရှိပါသည်။ ထိုသို့ ဝယ်ယူခဲ့သော တိုက်ခန်းနှင့် ပတ်သက်သော မီတာအမည်ပေါက်နှင့် လူဦးရေသန်းခေါင်စာရင်းကို ကျွန်ုပ်မိတ်ဆွေ၏ အမည်ဖြင့် ပြုလုပ်ခဲ့ခြင်းရှိပြီး စတင်ဝယ်ယူခဲ့သော အချိန်မှ ယနေ့အချိန်အထိ လက်ဝယ်ပိုင်ဆိုင် နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကိုနိုင်** | **ဒေါ်ကေသီဦး (LL.B, D.B.L, D.M.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၂၅၃/၂၀၂၀)** | **(စဉ်-၇၈၉၃)** |

**ဘဏ်များ၏ ဥပဒေအကြံပေးရှေ့နေ**
**တိုက်-၄၄၊ ပထမထပ်၊ မာလာမြိုင်(၈)လမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ PH -၀၉- ၇၈၈၉၃၄၇၂၀၊ ၀၉- ၄၅၅၀၀၂၁၅၃**

### အမှားပြင်ဆင်ချက်

(၃-၁၂-၂၀၂၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၉)ပါ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဘုရင့်နောင်၊ မြေကွက်အမှတ်-၇၆၆/ခ၊ ဦးအောင်ဇေယျ(၆)လမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဒလမြို့နယ်၊ အမည်ပေါက် ဦးရွှေ(CK-019043)မြေကွက်ကို မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"တွင် G.P ဦးထွန်းထွန်းအောင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကို [၁၂/တမန(နိုင်)၀၉၁၅၁၇]အစား [၁၂/ကမန(နိုင်)၀၉၁၅၁၇]ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိလောကရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၈၉)နေ ဦးဇော်လတ်၏ သမီးဖြစ်သူ မစောမာလာ[၁၂/မဂဒ(နိုင်)၁၆၇၁၃၈]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လတ်[၉/တသန(နိုင်)၁၃၂၆၄၈]**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၁)၊ ဇမ္ဗူရာဇ်လမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြဝင်း[၁၂/သဃက(နိုင်)၀၂၉၃၇၀] နှင့် ဒေါ်ဌေးဌေးရီ[၇/တငန(နိုင်)၁၁၆၅၉၂]တို့၏ သားဖြစ်သူ မောင်ဇင်သူရိန်[၁၂/သဃက(နိုင်)၂၀၆၇၈၇]သည် မိဘများအားစိတ်ဆင်းရဲအောင်လုပ်၍ မိမိသဘောဖြင့် နေအိမ်မှထွက်သွားသောကြောင့် သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**(ဖခင်) ဦးမြဝင်း- (မိခင်) ဒေါ်ဌေးဌေးရီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး-အင်းစိန်
### ဆေးရုံအုပ်ကြီးရုံး
### ဖုန်း - ၀၁၃ ၆၄၀၁၃၂၊ ၀၁၃ ၆၄၀၅၂၃၊ ဖက်(စ်) -၀၁၃၆၄၀၅၂၃
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ခတ်ခွဲခန်းနှင့် ခတ်မှန်သုံး ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် လက်ရှိမှတ်ပုံတင်ထားသည့် ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် ဆေးနှင့်ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်၍ စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်နေ့ရက်နှင့်အချိန် | (၂၈-၁၂-၂၀၂၂)ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ |
| တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် | (၁၁-၁-၂၀၂၃)ရက်(ဗုဒ္ဓဟူးနေ့) ညနေ (၄:၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်**
**ဖုန်း-၀၁၃၆၄၀၅၂၃၊ ၀၁-၃၆၄၀၁၃၂**

## "တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၂၈/၃၄)၊ ၄-လွှာ/အေ(ဘယ်)နေ ဒေါ်ခင်စန္ဒာဝင်း(ခ)ရောဒီယာဘဲဂမ်း [၁၂/ပဘတ(နိုင်)၀၃၀၁၅၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန္ဒာဝင်း(ခ)ရောဒီယာဘဲဂမ်းနှင့် ဦးအီလီယါစ်[၁၂/ဗတထ(နိုင်)၀၄၆၃၅၀]တို့သည် လွန်ခဲ့သော (၃၀-၈-၁၉၉၃)ရက်နေ့မှစ၍ လက်ထပ်ထိမ်းမြားခဲ့ပါသည်။ အိမ်ထောင်သက်တမ်းအတွင်း၊ သားကြီး မောင်ရဲဝင်းထွဋ်(၂၇)နှစ်၊ သမီး မအန်ဟာ(၂၅)နှစ်၊ သားငယ် မောင်မင်းထွဋ်နိုင်(၆)နှစ်အရွယ် သားသမီး(၃)ဦးထွန်းကားခဲ့ပြီး ယနေ့အချိန်ထိ ဒေါ်ခင်စန္ဒာဝင်း(ခ)ရောဒီယာဘဲဂမ်းသည် ဦးအီလီယါစ်၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းဝေလွင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၄၃၀၅)** |

**အမှတ်-၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၉၅၉**

**ညအချိန်အိပ်နေချိန်တွင်**
**လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## အလုံမြို့နယ်တွင် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေးသင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် မြို့နယ်အဆင့်မြေပြင်ကွင်းဆင်းကောက်ယူရေးသင်တန်း ဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၉နာရီက အလုံမြို့နယ်ခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးနိုင်က မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်၍ စာတွေ့/လက်တွေ့ သင်ကြားသည်။

သင်တန်းသို့ မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ၊ မြေပြင်ကွင်းဆင်းကောက်ယူရေး အဖွဲ့အဖွဲ့ဝင် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၆၃ ဦးတက်ရောက်ပြီး သင်တန်းကို ဒီဇင်ဘာ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းပို့ချနေမှုအား အလုံခရိုင် မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**မောင်မောင်**
**(လျှပ်စစ်)**

## မနက်ဖြန် မွန်းတည့်ချိန် အထိခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၇

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ဒေါ်ခင်မမ (မန္တလေးမြို့)

**အသက်(၈၅)နှစ်**

မန္တလေးမြို့နေ ဦးအောင်-ဒေါ်ငြိမ်းတို့၏ မြေး၊ အဖ ဝက်မစွတ် ဦးမောင်မောင်ကြီး-အမိ ဒေါ်မေတို့၏သမီး၊ ဦးဘသိန်း-ဒေါ်အုန်းစိန်၊ ဒေါ်ခင်လှ-ဦးညို၊ ဦးဘသန်းတို့၏ တူမ၊ ဦးခင်မောင်မြ၊ ဦးခင်မောင်စိန်-ဒေါ်တင်လှ၊ ဦးခင်မောင်ထွန်း-ဒေါ်ညွန့်စိန်၊ ဦးခင်မောင်လတ်-ဒေါ်ခင်စောလှတို့၏ ညီမ၊ ဦးခင်မောင်ဖြိုး၊ ဒေါ်ခင်ငွေး၊ ဒေါ်ခင်ညို၊ ဦးကိုကို၊ ဒေါ်ဝင်းတို့၏ အစ်မ၊ ဒေါ်ခင်ခင်လှိုင်၊ ဒေါ်သီတာ၊ ဦးအောင်အောင်၊ ဦးဇော်ဇော်၊ ဦးဝင်း၊ ဒေါ်မာလာ၊ ဒေါ်အုန်းအုန်းမြင့်၊ ဦးလှဝင်း၊ ဦးကျော်ကျော်နိုင်၊ ဒေါ်သန်းသန်းအေးတို့၏ အဒေါ်၊ ဦးအုန်းခင်၊ ဦးမြင့်လှိုင်၏ ဇနီး၊ ဦးစောအုန်းဆိုင်၏ ချစ်လှစွာသော ကျေးဇူးရှင် မွေးသမိခင် ဒေါ်ခင်မမသည် ၁၈-၁၀-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၇)လမ်း၊ တိုက်အမှတ်(၃၉)၊ မြေညီထပ် (က)အခန်းတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀-၁၀-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းအောင်မျိုး

**အသက်(၄၂)နှစ်**

**ဒဂုံ(၁) ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ သီလလမ်း၊ အမှတ်(၁) မြေညီနေ [ဦးဦးကျော်(ခ) ဦးအောင်မောင်း-ဒေါ်မြင့်မြင့်သန်း]တို့၏ သား၊ (ဦးရွှေကျော်မင်း)-ဒေါ်တင်တင်အေးတို့၏ သားသမက်၊ ဒေါ်လွင်လွင်အောင် (ခေတ္တ-စင်ကာပူ)၏ မောင်၊ ဒေါ်အေးစန္ဒာကျော်၏ ခင်ပွန်း၊ မမြတ်သဒ္ဒါထက်၏ ဖခင်၊ မအိမ့်ဦးကြွယ်၏ ဦးလေး ဦးဝင်းအောင်မျိုးသည် ၂၆-၁၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁၂-၂၀၂၂ (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ သီလလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

## ဒေါ်ထရီဇာကြည်တင်

**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ (၁၁)ရပ်ကွက်၊ ပြည်ကြီးမဏ္ဍိုင်လမ်း၊ အမှတ်(၉၇၇)နေ [ဦးကိုကိုကြီး(ခ) ဦးစမူဒီအမ်ဒေးဗစ် (ကပ ရ-ငြိမ်း)]၏ ဇနီး၊ [ဦးအောင်ကြည် (ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)]- ဒေါ်ရီရီဝင်း(သံရုံးအုပ်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့)၏ မိခင်၊ မရည်ရွယ်ချမ်းမြေ့ကြည် (ခ) EICHEN ၏ အဘွား ဒေါ်ထရီဇာကြည်တင်သည် ၁၇-၁၂-၂၀၂၂ (စနေနေ့) ည ၈:၀၆ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်း ပေါင်းစုံအသင်းတွင် ဝတ်ပြုဆုတောင်း၍ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ် ပါကြောင်းနှင့် နာရေးကိစ္စအဝဝအား ကူညီပေးပါသော တောင်ဒဂုံသန့်ရှင်းသော အပြစ်မဲ့ကလေးများဘုရားကျောင်းမှ ဘုန်းတော်ကြီးများနှင့် သာသနာပြုအဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ ဆက်သွယ်မေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းများ လိုက်ပါပို့ဆောင်သူများနှင့် ကျေးဇူးတင်ထိုက်သူ တစ်ဦးတစ်ယောက်ချင်းစီအား အထူးပင် ကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/၁၀)၊ လူနေရပ်ကွက်အမှတ်(၇)၊ ဒေင်ပန်းခြံလမ်း၊ မြေကွက်အမှတ်(၄၀၄) ဟုခေါ်တွင်သော အလျား (၄၀)ပေ x အနံ (၆၀)ပေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ်အမည် ပေါက် ဦးကြည်မောင် [၁၂/သကတ(နိုင်)၁၀၅၃၈၈]ထံမှတစ်ဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်မိုးယမင်းခိုင် [၁၃/သပန(နိုင်)၀၂၉၉၃၀]မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနောင်လတ်အောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၅၉၁)**
**ဖုန်း-၀၉- ၇၆၆၉၉၄၇၅၉**
**အမှတ်(၂၈၁-ခ)၊ မလိခလမ်း၊ (၆/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

## ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ဦးစီးပဓာနနာယကဆရာတော်

## နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

# ဘဒ္ဒန္တပဝရာဘိဝံသ

## သိက္ခာတော် (၅၄)ဝါ၊ သက်တော် (၇၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ ဆူးလေစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဆူးလေ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးများ၏ သြဝါဒါစရိယ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် အောင်မင်္ဂလာဘုရားကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ သိက္ခာတော်(၅၄)ဝါ၊ သက်တော် (၇၄)နှစ်သည် (၁၃၈၄-ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) ၂၆-၁၂-၂၀၂၂ (တနင်္လာနေ့) ည ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄-ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) ၃၀-၁၂-၂၀၂၂ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ အန္တိမစျာပနပူဇာ အခမ်းအနားကျင်းပ၍ မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား သံဝေဂဉာဏ်ပွားများနိုင်ရန် အသိပေးအပ်ပါသည်။

စျာပနကော်မတီ
ပရိယတ္တိသာသနပါလအသင်း
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ ကွင်းအမှတ်-(၁၆၅)၊ ကွင်းအမည်-ဂေါ်သဇင်မြောက်၊ ယခုအခေါ် ကျွန်းပင်ဆိပ်၊ ဦးပိုင်အမှတ် (N/၄၄)၊ အကျယ်အဝန်း (၄၀x၁၅၀)ပေရှိ ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းသီတာထွန်း [၁၂/မဘန(နိုင်)၁၂၂၉၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိထွန်းသည် (၂၂-၁၂-၂၀၂၂)ရက်တွင် ငွေအပြီးပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်သည့်အတွက် အထက်ပါ ခြံမြေကွက်သည် ဒေါ်အိအိထွန်းပိုင်ဆိုင်သော ခြံမြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝင်းဖြူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၈၄)**
**အမှတ်-၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၁၂၈၅၊ မြေကွက်တည်နေရာအမှတ်(၁၂၈၅)၊ ပြည်ထောင်စုလမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သူရဦးမြင့်ရွှေ [၁၂/သဃက (နိုင်)၀၃၃၃၂၀] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် သူရဦးမြင့်ရွှေ(ဖခင်)နှင့် ဒေါ်ခင်ပြုံးရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်ယဉ်ယဉ်မွန် [၁၂/သဃက (နိုင်)၀၃၃၈၄၇]၊ (၂) ဦးဇော်ထက်အောင် [၁၂/သဃက(နိုင်)၀၀၂၄၉၂]၊ (၃) ဒေါ်သိမ့်သိမ့်အိ (ခ) သိမ့်နန္ဒာထက် [၁၂/သဃက (နိုင်) ၀၀၂၄၉၅]၊ (၄) ဦးရန်နိုင်မင်း [၁၂/သဃက(နိုင်)၁၃၇၂၉၀]တို့မှ မိမိတို့ မောင်နှမ(၄)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ မိမိတို့လွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း မိမိတို့သာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်) သူရဦးမြင့်ရွှေ၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်ခင်ပြုံးရီ၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်ယဉ်ယဉ်မွန်၊ ဒေါ်သိမ့်သိမ့်အိ၊ ဦးရန်နိုင်မင်းတို့ထံမှ GP No. ၁၁၈၇၀/၂၀၂၀ (၈-၁၂-၂၀၂၀) ဖြင့်ရရှိသူ ဦးသိန်းရွှေ [၁၂/ကတတ(နိုင်)၀၀၀၅၅၇]နှင့် ဦးဇော်ထက်အောင်ထံမှ GP No.၅၅၈၀/၂၀၂၁ (၁၆-၉-၂၀၂၁)ဖြင့်ရရှိသူ ဒေါ်ရွှေစင်ပြုံး [၁၂/မဂတ(နိုင်)၀၈၇၁၈၃]တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အပြင်ထွက်တိုင်း

## ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို

## စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ် (၉၃၇)၊ မြေကွက်တည်နေရာအမှတ် (၉၃၇)၊ ဦးလင်းလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးဂျိုးဇက်- B/RGN-၀၀၂၀၄၉) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးဂျိုးဇက်အား တရားပြိုင်ထားကာ ဒေါ်ခင်လေးနွယ်မှ တရားလိုပြုလုပ်၍ အတိုင်းအတာ ပေ(၄၂x၆၀)အနက်မှ မြောက်ဘက်အခြမ်း ပေ(၂၂x၆၀)အား တရားစွဲသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားမရုံး၌ ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်(၂၅/၂၁)တွင် မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ခြင်းအပေါ် မြေနှင့်အိမ်အပါအဝင် အကျိုးဆက်နွှယ်သည့် ခံစားခွင့်အရပ်ရပ်တို့အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့်(၁-၂-၂၀၂၂)ရက်စွဲပါစီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၁၈/၂၀၂၂)တို့အရ တရားရုံးကိုယ်စား တရားရုံးဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးအမိန့်များ၊ ဂရန်၊ နိုင်/ကတ်၊ ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ သခင်ဖိုးလှကြီး(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၆)၊ မြေကွက်အမှတ်(၃၅၄/ခ)ဟုခေါ်တွင်သော ဒေါ်တွန်ဇွန်ဘီ အမည်ပေါက်ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ဝင်းမြေအပါအဝင် ယင်းဝင်းမြေပေါ်ရှိ နှစ်ထပ်အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်လှလှရီ [၁၁/စတန(နိုင်)၀၁၆၂၃၃]က အရောင်းအဝယ်အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိ/လက်ဝယ်ထားပြီးတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်လွင်[၈/အလန(နိုင်) ၁၄၀၄၁၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဝင်းမြေနှင့် ယင်းဝင်းမြေပေါ်ရှိ နှစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၄၄)**
**Ph: 09-986252417, 09-400462518**

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ❖ ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- ❖ နှလုံးနှင့် အဆုတ်ကို ကျန်းမာခြင်း။
- ❖ နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ❖ ကင်ဆာဖြစ်ပွားနိုင်ခြေကို ကာကွယ်ပေးခြင်း။
- ❖ အိမ်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- ❖ သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ❖ ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- ❖ စိတ်ပျော်ရွှင်စေခြင်း။
- ❖ အရိုးအဆစ်တွေကို သန်မာစေခြင်း။
- ❖ ကိုယ်ခံစွမ်းအားကို တက်စေခြင်း။
- ❖ သွေးကြောထုံးတာကို သက်သာစေခြင်း။
- ❖ အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။
- ❖ အသက်ကြီးရင် ဖြစ်တတ်သော မှတ်ဉာဏ်ယုတ်လျော့ခြင်းမဖြစ်အောင် ကာကွယ်ပေးခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဖက်ဒရယ်ဆိုတာမတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကိုထောက်ခံတဲ့ ပြည်သူလူထုကိုကိုယ်စားပြုတဲ့သူတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ ခရစ္စမတ်ကာလ ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ခရစ္စမတ်ကာလ ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူ များပြားလျက်ရှိခဲ့ရာ (၁၅) ကြိမ်မြောက် ပန်းပွဲတော်ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၌ ဖွင့်ပွဲနေ့ ဒီဇင်ဘာ ၁၈ ရက်မှ ယနေ့အထိ ပြည်တွင်း ပြည်ပမှ ခရီးသွားပြည်သူ တစ်သိန်းခြောက်သောင်းကျော် လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေခဲ့ပြီး ယနေ့အချိန်အထိ လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❂

## ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အာဆင်နယ်အသင်း ဇယားထိပ်၌ ဆက်လက်ဦးဆောင်ခွင့်ရရှိ

အာဆင်နယ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အာဆင်နယ်အသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားကို ထိပ်ဆုံးကနေ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်မှာ ဘင်ရာမာရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် ဝက်စ်ဟမ်းအသင်းကို ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီး အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်မှာ ဆာကာ၊ ၅၈ မိနစ်မှာ နာတီနယ်လီနဲ့ ၆၉ မိနစ်မှာ အင်န်ခီတီယာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○




**ယနေ့ ဖတ်စရာ**

**လူငယ်တွေအတွက် အတွေ့အကြုံဗဟုသုတတွေရရှိတဲ့အပြင် လက်ရှိဝန်ကြီးဌာနတွေမှာ လုပ်ငန်းတွေဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို မြင်တွေ့ရမှာဖြစ်ပါတယ်**

စာမျက်နှာ » ၁၄

**အီရန်နိုင်ငံက ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက် ပြန်လည်ရှင်သန်ရေးဆွေးနွေးရန် တံခါးဖွင့်ထားဆဲဖြစ်**

စာမျက်နှာ » ၂၀

## AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တွင် စင်ကာပူနှင့် ဗီယက်နမ် အနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၂၇

2022 AFF Cup ပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့ကို ဒီဇင်ဘာ ၂၇ ရက်က လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ စင်ကာပူနှင့် ဗီယက်နမ်အသင်း အနိုင်ရရှိခဲ့သည်။

လာအိုနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် စင်ကာပူအသင်းက အိမ်ရှင်လာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ စင်ကာပူအသင်းသည်အဝေးကွင်း၌ အနိုင်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပွဲနိုင် ခြောက်မှတ်ရရှိထားသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်ရန်အတွက် မလေးရှား၊ ဗီယက်နမ်တို့နှင့် ထပ်မံရင်ဆိုင်ရမည်ဖြစ်သည်။ လာအိုအသင်းမှာမူ သုံးပွဲဆက်အရှုံးကြောင့် အုပ်စုအဆင့်မှထွက်ရန် သေချာသွားပြီဖြစ်သည်။ စင်ကာပူအသင်းသည် အဝေးကွင်း၌

စာမျက်နှာ ၂၃ ကော်လံ ၁ သို့❁